ဘုရားမြတ်စွာ သီရိလင်္ကာသုံးကြိမ်ကြွ

လုပ်ဆောင်ချက်မှတ်တမ်းကို ပြဆိုရာ

ဗုဒ္ဓ၏ သီရိလင်္ကာခရီး

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B.A. Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

စုဆောင်း ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၆

၁၇၉၂၁

ဘုရားမြတ်စွာ သိင်္ရိလက်ခသုံးကြီးဖြစ်ကြွ
လုပ်ဆောင်ချက် မှတ်တမ်းကိုပြဆိုရာ

ဗုဒ္ဓ၏ သိင်္ရိလက်ခရိုး

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A. Hons. ငွေဒင်္ဂါးထူး (သိင်္ရိလက်ခ)

စုဆောင်းရေးသားသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၆

I-A

ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၇၆-ခု၊ ဖေဖော်ဝါရီလ
အုပ်ရေ-၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာ့အေး သာသနာရေး ဦးစီးဌာနအတွက်
ဒေါ်နှင်းနှင်းဝေ
ရန်ကုန်မြို့၊ အမှတ် ၃၃၃၊ အုန်းရောင်စုံပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (၀၃၀၅၆)က ပုံနှိပ်၍

ရန်ကုန်မြို့၊ ကမ္ဘာ့အေး သာသနာရေး ဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၅၂၇)က ထုတ်ဝေသည်။

၁၇၉၂၁

မာတိကာ

အကြောင်းအရာ		စာမျက်နှာ

ဗုဒ္ဓ၏ သီရိလင်္ကာခရီး

ကျမ်းဦးမှတ်ဖွယ် ၁

ပဏာမ နှင့် ပဋိညာဉ် ၄

ဒီပင်္ကရာဘုရားရှင်ထံ စတင် ဗျာဒိတ်ခံခြင်း ၈

ကောဏ္ဍညဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း ၈

မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား,
သောဘိတဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း ၈

အနောမဒဿီ, ပဒုမ, နာရဒ ဘုရားသုံးဆူထံ
ဗျာဒိတ်ခံခြင်း ၉

ပဒုမုတ္တရာဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း ၁၀

သုမေဓဘုရား, သုဇာတဘုရားတို့ထံ
ဗျာဒိတ်ခံခြင်း ၁၁

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား သုံးဆူတို့ထံ ဗျာဒိတ်ခံခြင်း	....	၁၁
သိဒ္ဓတ္ထဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း	....	၁၂
တိဿဘုရားနှင့် ဖုဿဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း	....	၁၂
ဝိပဿီဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း	....	၁၂
သိခီဘုရား၊ ဝေဿဘူဘုရားထံ ဗျာဒိတ်ခံ	....	၁၃
ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား တို့ထံ ဗျာဒိတ်ခံ	....	၁၃
ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း	....	၁၄
သတ္တသတ္တာဟ စံတော်မူခြင်း	....	၁၆
ဗာရာဏသီ မိဂဒါဝုန်တော ဝါဆိုရဟန္တာ ၆-ကျိပ် ပေါ်ပေါက်စေတော်မူခြင်း	....	၁၈
သာသနာပြု စေလွှတ်တော်မူခြင်း	....	၁၉
ဘဒ္ဒဝဂ္ဂီညီနောင်မင်းသားတို့ ချေချွတ်ခြင်း	....	၂၀
ရသေ့ညီနောင် ရှင်ဘဆောင်တို့ ချွတ်တော်မူခြင်း	....	၂၀

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မြောက်ကျွန်းကြွဆွမ်းခံ အနဝတတ်အိုင် ဆွမ်းဘုဉ်းပေးခြင်း	....	၂၂
သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)	....	၂၃
သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သို့ ကြွတော်မူခြင်း	....	၂၄
ဘီလူး အစည်းအဝေးကြီး	....	၂၅
ဘီလူးတွေ ကြောက်လန့်အောင် ပြုတော်မူပြီ	....	၂၆
ဆင်းရဲကင်းပ ချမ်းသာရအောင်ပြုမည် စသည်ဖြင့် ဘုရားမြတ်စွာ မိန့်ကြားခြင်း	....	၂၇
ဘုရားမြတ်စွာ တရားဟောခြင်း, ကုဋေများစွာ ကျွတ်တန်းဝင်ကြခြင်း	....	၂၈
သုမနနတ်မင်း သောတာပန်တည်	....	၂၉
ဆံတော်ဟဆုပ် ချီးမြှင့်တော်မူခြင်း	....	၃၀
စေတီ တည်ထား ကိုးကွယ်ခြင်း	....	၃၀
ဘုရားမြတ်စွာ လည်ပင်းရိုးတော်ဓာတ် ကိန်းဝပ်ပြီ	....	၃၁
အဆက်ဆက် မွမ်းမံကိုးကွယ်ခြင်း	....	၃၂
သီဟိုဠ်ကျွန်း ပထမဆုံးစေတီ	....	၃၃
သီဟိုဠ်ကျွန်း သုံးကြိမ်လှည့်ကြွ မေတ္တသုတ်ပရိတ်ရွတ်	....	၃၅

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဒုတိယအကြိမ် သီဟိုဠ်ကျွန်း (သိရိလင်္ကာ)သို့ ကြွတော်မူခြင်း	....	၃၆
ကြောက်လန့်တုန်လှုပ်ကြခြင်း	....	၃၇
ဘုရားမြတ်စွာ ခြေတော်အစုံ ဦးတိုက်ကြပြီ	....	၃၈
ညီညွတ်ရေးတရား ဟောတော်မူခြင်း	....	၃၈
နဂါးပေါင်း ကုဋေရှစ်ဆယ် သရဏဂုံသီလ တည်ကြခြင်း	....	၃၉
မဏိအက္ခိက နဂါးမင်း လျှောက်ထားခြင်း	....	၃၉
စေတီ တည်တော်မူခြင်း	....	၄၀
ယခုတိုင် သွားရောက်ဖူးမြော်သူမစဲ	....	၄၁
မဏိအက္ခိကနဂါးမင်း လာရောက်ပင့်ခြင်း	....	၄၃
ဘုရားမြတ်စွာ သီဟိုဠ်ကျွန်း တတိယအကြိမ် ကြွတော်မူခြင်း	....	၄၃
ဆွမ်းဘုဉ်းပေးတော်မူခြင်း	....	၄၄
သုမနနတ်မင်းရောက်လာ ခြေတော်ချရန်လျှောက်	....	၄၅
သမန္တကူဋတောင်အကြောင်း သိကောင်းစရာ	....	၄၇
နေရာအနှံ့အပြား သမာပတ် ဝင်စားတော်မူခြင်း	....	၄၉
မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခြင်း	....	၅၀

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဗုဒ္ဓ၏ သီရိလင်္ကာခရီးကျမ်း အပြီးသတ်ခြင်း	....	၅၁
ဗုဒ္ဓ၏ သီရိလင်္ကာခရီးကျမ်း နိဂုံးသံပေါက်များ	....	၅၁
အရှင်ကောလ္လာသ ပြုစုသော ကျမ်းစာများ	....	၅၃

မာတိကာ ပြီး၏။

ဗုဒ္ဓ၏ သိရိလက်ာ ခရီးကျမ်း

ကျမ်းဦး မှတ်ဖွယ်

သီဟိုဠ်ကျွန်း သာသနာတည်လိမ့်ဟု ဘုရားမိန့်ကြား။ ။ မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားမြတ်စွာသည် ကုသိနာရုံ ရဂုံသာမော အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံတော်မူမည် ဖြစ်သဖြင့် အင်ကြင်းပင် နှစ်ပင်အကြား ညောင်စောင်းကလေးပေါ်၌ မြောက်သို့ ခေါင်းတော်ထား၍ လျောင်းတော်မူနေ၏၊ ကြွဝင္ဆာ လောကဓာတ်ပေါင်း တိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် နောက်ဆုံးလာရောက်ဖူးမြော်ကန်တော့ကြ၏။ သံဃာတော်များလည်း သိန်းပေါင်းများစွာ ရောက်ရှိနေ၏။ ထိုပရိသတ်ထဲတွင် သိကြားမင်းနှင့် သီဟိုဠ်ကျွန်းစောင့်နတ် ဥပ္ပလဝဏ်တို့လည်း ပါရှိလေသည်။ ထိုအခါ ဘုရားမြတ်စွာက "အို သိကြားမင်း....လာဠနိုင်ငံတော်မှ သီဟဗာဟုမင်း၏သား ဝိဇယတို့ ယနေ့ သီဟိုဠ်ကျွန်းရောက်နေသည်။

နောင်သောအခါ ငါဘုရားသာသနာ တည်ထွန်းမှာ ဖြစ်သည့်အတွက် အဲသည် ဝိဇယနှင့် နောက်ပါတို့ကို စောင့်ရှောက်ပါ၊ သီဟိုဠ်ကျွန်းကိုလည်း စောင့်ရှောက်ပါ”ဟု မိန့်ကြားတော်မူသည်။[၁]

ဥပ္ပလဝဏ်နတ်အား တာဝန်ပေး။ ။ထိုအခါ သိကြားမင်းသည် မိမိ၏အနီး၌ရှိသော သီဟိုဠ်ကျွန်းမှ ဘုရားရှင်အား လာရောက်ဖူးမြင်သည့် သီဟိုဠ်ကျွန်းစောင့် ဥပ္ပလဝဏ်နတ်သားကို ဝိဇယနှင့်နောက်ပါတို့ကို စောင့်ရှောက်ရန်နှင့် သီဟိုဠ်ကျွန်းစောင့်ရှောက်ရန် တာဝန်ပေးလိုက်လေသည်။ ယင်းသို့ တာဝန်ပေးသဖြင့် ဥပ္ပလဝဏ်နတ်၏ စောင့်ရှောက်မှုကြောင့် ဝိဇယနှင့် နောက်ပါတို့ သီဟိုဠ်ကျွန်းကို လူနေ အိမ်ခြေများနှင့် နိုင်ငံတနိုင်ငံဖြစ်အောင် ကောင်းစွာ တည်ထောင်နိုင်ခဲ့ကြလေသည်။

၁။ သဗ္ဗလောကဟိတံ ကတွာ၊ ပတွာ သန္တိကရံ ပဒံ။
ပရိနိဗ္ဗာနမဉ္စမှိ၊ နိပန္နော လောကနာယကော။
ဒေဝတာသန္နိပါတမှိ၊ မဟန္တမှိ မဟာမုနိ။
သက္ကံ တတြ သမီပဋ္ဌံ၊ အဝေါစ ဝဒတံ ဝရော။
ဝိဇယော လာဠဝိသယာ၊ သီဟဗာဟုနရိန္ဒဇော။
သေ လင်္ကမနုပ္ပတ္တော၊ သတ္တာ ကစ္စသတာနုဂေါ။
ပတိဋ္ဌဟိဿတိ ဒေဝိန္ဒ၊ လံကာယံ မမ သာသနံ။
တသ္မာ သပရိဝါရံ တံ၊ ရက္ခ လံကဉ္စ သာဓုကံ။
မဟာဝံသ၊ ၇။ ၁၊ ၂၊ ၃၊ ၄။

အရှင်မဟိန္ဒ ကြွရောက်သာသနာပြု။ ။သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့တွင် အရှင်မဟိန္ဒ ဦးဆောင်သည့် သာသနာပြုအဖွဲ့ ရောက်ရှိပြီး သာသနာပြုခဲ့သည်မှစ၍ သီဟိုဠ် (သီရိလင်္ကာ) ကျွန်း၌ ဘုရားမြတ်စွာ သာသနာတော်သည် လွန်စွာ စည်ပင်ခဲ့လေသည်။ တကြိမ် တခေတ်တွင် ပုထုဇဉ် ရဟန်းပင် တပါးမျှမရှိပေ၊ အားလုံး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ရဟန်း တို့ဖြင့် စည်ပင်ခဲ့လေသည်။ ၁

စတုတ္ထသင်္ဂါယနာ တင်ခဲ့ခြင်း။ ။ဝဋ္ဋဂါမဏိမင်းလက်ထက် သာသနာသက္ကရာဇ် ၄၅၅-ခုနှစ်တွင် သီဟိုဠ်ကျွန်း မလယဇနပုဒ် (မာတလေ့) အာလောကလိုဏ်၌ အရှင်မဟာရက္ခိတမဟာထေရ် အမှူးရှိသော ရဟန္တာငါးရာတို့ ပေါတ္ထကာရုဠ (စတုတ္ထ) သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာကျမ်းများရေးသားခြင်း။ သာသနာသက္ကရာဇ် ၉၅၀-ကျော်ခန့်တွင် အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ရောက်ရှိ သီဟိုဠ်ဘာသာ လေ့လာ သင်ယူပြီး မဟာအဋ္ဌကထာ စသော အဋ္ဌကထာကြီးများကို အမှီပြု၍ ပိဋကသုံးပုံ နိကာယ်အဋ္ဌကထာကြီးများကို ပြုစီရင်တော်မူခဲ့လေသည်။

၁။ ဇမ္ဗူသိရိယေဝ ဒီပေ ကေဝါရံ ပုထုဇ္ဇနဘိက္ခုနာမ နာ-ဟောသိ။ ဒီ၊ ဋ္ဌ၊ ၃။ ဂ၂။

ဋီကာများ ပေါ်ထွန်းခြင်း။ ။သာသနာသက္ကရာဇ် ၁၇၀၀-မတိုင်မီက အရှင်ဝဇိရဗုဒ္ဓိစသော ဋီကာဆရာကြီးများ ပေါ်ထွန်းခဲ့၍ ၁၇၀၀-ကျော်ခန့်တွင် အရှင်သာရိပုတ္တရာ, အရှင်စောဠဿယကဿပ, အရှင်ဗုဒ္ဓနာဂ, အရှင်သုမင်္ဂလသာမိ စသော ဋီကာကျမ်းပြု ပညာရှင်များ ပေါ်ထွန်းခဲ့လေသည်။ ယင်းဋီကာဆရာကြီး၏ အစဉ်အဆက်ကြောင့် ပိဋကသုံးပုံ အဋ္ဌကထာ အဖွင့် ဋီကာကြီးများ ပေါ်ထွန်းခဲ့လေသည်။

ဗုဒ္ဓတက္ကသိုလ်ကြီးများဖြင့် စည်ပင်ခြင်း။ ။သီရိလင်္ကာ၌ လွတ်လပ်ရေးရပြီး နှစ်များစွာ မကြာမီ ရဟန်းတော်များ ပညာ သင်ကြားရာ ဝိဇ္ဇာလင်္ကာရတက္ကသိုလ်, ဝိဇ္ဇောဒယတက္ကသိုလ် ကြီးများ တည်ထောင်၍ ပရိယတ္တိပညာရေးကို ခေတ်မီစံနစ် ကျင့်သုံး၍ သင်ကြားချပို့ရာ ခေတ်ပညာတတ် ရဟန်းတော် များစွာတို့ ပေါ်ထွန်းခဲ့လေသည်။

ဗုဒ္ဓ၏ သီရိလင်္ကာခရီး ရေးသားခြင်း။ ။မိမိသည် သီရိ လင်္ကာနိုင်ငံ၌ ငါးနှစ်ခန့်နေထိုင်၍ သက္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် စသော ဘာသာရပ်များ, သမိုင်းဘာသာရပ် များကို သင်ယူခဲ့ရာ သီဟိုဠ် (သီရိလင်္ကာ)သို့ ဘုရားမြတ်စွာ ကြွကြောင်းကို မကြာခဏ တွေ့ရှိရသဖြင့် သီဟိုဠ်နေစဉ်ကပင် ကျမ်းငယ်တစောင် ရေးရန် စိတ်ဝင်စားခဲ့ပါသည်။ သို့ရာတွင် အထမမြောက်နိုင်ပဲရှိရာ ယခုနှစ် နယုန်လဆန်း ၁၅-ရက်နေ့မှ စ၍ ဒီပဝံသ, မဟာဝံသ, သမန္တကူဋဝဏ္ဏနာ အစရှိသော ကျမ်းများကို ပို့ငြမ်းပြု၍ ရေးသားရာ ယနေ့ နယုန် လပြည့် ကျော် ၃-ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။

ကြည့်ရှုလေ့လာ ကြည်ညိုကြ။ ။အို ဗုဒ္ဓ၏ သီရိလက်ခရီးကျမ်းစာတော်ဖတ်....သင်သည် ဤဗုဒ္ဓ၏ သီရိလက်ခရီးကျမ်းစာကို ဖတ်၍ ဘုရားမြတ်စွာ၏ ဘုန်းတော်, ကံတော်, သမ္ဘာတော်, ဉာဏ်ကရုဏာတော်တို့ကို ကြည်ညို၍ ဘုရားမြတ်စွာ သာသနာပြုနိုင်သော ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးပမ်းရာ၏။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်။

အရှင်ကေလာသ

မဓ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး)

သာသနဇောတိပါလကျောင်း

မဟာဝိသုတာရာမတိုက်

ပခုက္ကူမြို့။

၁၃၄၆-ခုနှစ်၊ နယုန်လပြည့်ကျော် ၃-ရက်။

ဗုဒ္ဓ၏ သီရိလင်္ကာခရီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ နှင့် ပဋိညာဉ်

၁။ သီဟိုဠ်ဒီပ ကျွန်းလင်္ကာ သုံးခါကြွတော်မူ။

၂။ မြတ်ဘုရားအား ဦးညွတ်တွား လေးစားလွန်ကြည်ဖြူ။

၃။ တရားဆယ်ပါး လွန်လေးစား ဝင်တွားသဒ္ဓါဖြူ။

၄။ အရိယာရှစ်ပါး သံဃာအား လေးစားပဏာမူ။

၅။ ဗုဒ္ဓမုနိ သီရိလင်္ကာ မြန်းကြွခါတွင် လုပ်ဆောင်စဉ် ငါလျှင် ရေးပိမ့်ဟူ။

ဘုရားမြတ်စွာသည် ယခုအခါ သီရိလင်္ကာဟု ထင်ရှားသော သီဟိုဠ်ကျွန်းသို့ ၃-ကြိမ် ကြွတော်မူ၍ သတ္တဝါဝေနေ များ ဗိုလ်ခြေတို့ကို ချွေချွတ်တော်မူခဲ့လေသည်။ ယင်းသို့ ဘုရားမြတ် စွာ သီဟိုဠ်ကျွန်းကြွတော်မူပြီး ကိစ္စအသီးသီးဆောင်ရွက်တော် မူပုံများကို ကျမ်းစာတစောင်တဖွဲ့ ရှိသင့်သည်ဟု ထင်မြင်ယူဆမိ ပါသည်။ သို့နှင့် မိမိသည် ''ဗုဒ္ဓ၏သီရိလင်္ကာခရီး'' အမည်ဖြင့် ကျမ်းစာ တစောင်တဖွဲ့ ရေးမည်ဖြစ်ရာ အန္တရာယ် ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို အလိုရှိပါသဖြင့် ''သီဟိုဠ်ဒီပ ကျွန်း

လင်္ကာ သုံးခါကြွတော်မူ” အစရှိသော သံပေါက် ၅-ပုဒ်ဖြင့် ရတနတ္တယ ပဏာမပြုပြီး ပဋ္ဌိညာဉ်ကို ပြုပါသည်။

ဒီပင်္ကရာဘုရားရှင်ထံ စတင်ဗျာဒိတ်ခံခြင်း

ငါတို့ကိုးစား ဂေါတမ မြတ်စွာဘုရားသည် လွန်ခဲ့သော လေးအသင်္ချေ ကမ္ဘာတသိန်းထက်က သုမေဓာ ရသေ့ဖြစ်၍ ဒီပင်္ကရာ ဘုရားမြတ်စွာအထံမှ ဘုရားဖြစ်လိမ့်မည်ဟု နိယတ ဗျာဒိတ်ကို ခံယူရရှိတော်မူခဲ့ပြီး ပါရမီသုံးဆယ်, သုံးသွယ်စရိယ, စာဂငါးစု များကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

ကောဏ္ဍညဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

ဒီပင်္ကရာဘုရားပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာ ပျက်သုဉ်းပြီးနောက် ကမ္ဘာသစ်တည်သော်လည်း အသင်္ချေတခုလုံး ဘုရားမပွင့်ပဲ ၎င်းနောက် သာရကမ္ဘာတွင် ပွင့်တော်မူသော ကောဏ္ဍည ဘုရားလက်ထက်တွင် ငါတို့ဘုရားအလောင်းတော်သည် ဝိဇိတာဝီစကြာမင်းဖြစ်၍ ကောဏ္ဍညဘုရားရှင်နှင့်တကွ ကုဋေတသိန်းသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းခဲ့၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ကောဏ္ဍညဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် တဖြည်းဖြည်း ကမ္ဘာကြီးပျက်စီးခဲ့ပြီး ကမ္ဘာသစ်ကြီးတဖန် တည်ပြန်

သော်လည်း အသင်္ချေတခုလုံး ဘုရားသုဉ်းခဲ့လေသည်။ ၎င်းနောက် တခုသော သာရမဏ္ဍကမ္ဘာတွင်—

(၁) မင်္ဂလဘုရား (၂) သုမနဘုရား (၃) ရေဝတဘုရား (၄) သောဘိတဘုရားဟူ၍ ဘုရားလေးဆူတို့ အစဉ်အားဖြင့် ပွင့်တော်မူခဲ့လေသည်။

ငါတို့ဘုရားအလောင်းတော်သည် မင်္ဂလဘုရားထံတော်တွင် သုရုစိပုဏ္ဏားသဌေးဖြစ်၍ ကုဋေတသိန်းသော ရဟန်းသံဃာတော်တို့အား ဆွမ်းဘောဇဉ် ဆက်ကပ်ကျွေးမွေး လှူဒါန်း၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ သုမနဘုရားရှင် လက်ထက်တွင် အတုလနဂါးမင်းဖြစ်၍ သုမနဘုရားရှင်အား အသီးသီး အစုံစုံသော ပုဆိုးဝတ်စုံတို့ကို လှူဒါန်း၍ သုမနဘုရားရှင်ထံမှ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

၎င်းပြင် ရေဝတဘုရားရှင်ထံတော်၌လည်း တထောင်တန်အပေါ်ရုံသင်္ကန်း လှူဒါန်း၍ ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် သောဘိတဘုရားရှင်လက်ထက်တွင် သုဇာတပုဏ္ဏားသဌေးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဝါးတွင်းသုံးလပတ်လုံး ပူဇော်လုပ်ကျွေး၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

အနောမဒဿီ, ပဒုမ, နာရဒ ဘုရားသုံးဆူထံ ဗျာဒိတ်ခံခြင်း

သောဘိတဘုရားနောက် အသင်္ချေယျကပ် တစ်ခုလုံး ဘုရားသုဉ်းခဲ့ပြီးနောက် ဝရကမ္ဘာကြီး ပေါ်ထွန်း၍လာ၏။ ထိုဝရ

ကမ္ဘာကြီးတွင် (၁) အနောမဒဿီဘုရား၊ (၂) ပဒုမဘုရား၊ (၃) နာရဒဘုရား- ဟူသော ဘုရားသုံးဆူတို့ ပွင့်တော်မူကြကုန်၏။ ထိုဘုရားသုံးဆူအနက် အနောမဒဿီ ဘုရားရှင်လက်ထက်တွင် ဘီလူးစစ်ဗိုလ်ကြီးဖြစ်၍ အနောမဒဿီဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့အား ရတနာခုနစ်ပါးဖြင့်ပြီးသော မဏ္ဍပ်ကြီး ဆောက်လုပ်ပြီး ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် ခုနစ်ရက်ပတ်လုံး ပူဇော်ပြီးလျှင် ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် ပဒုမဘုရားရှင်လက်ထက်တွင် ခြင်္သေ့မင်းဖြစ်၍ ဘုရားမြတ်စွာနှင့် သံဃာတော်အရှင်မြတ်တို့အား ကြည်ညိုသဒ္ဓါဖြင့် ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် နာရဒ ဘုရားရှင် လက်ထက်တွင် သူတော်ကောင်းရသေ့ဖြစ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

ပဒုမုတ္တရာဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

နာရဒဘုရားပွင့်တော်မူပြီး၍ ဝရကမ္ဘာကြီး ပျက်စီးခဲ့ပြီးနောက် အသင်္ချေယျကပ် တစ်ခုလုံး ဘုရားမပွင့်ပဲ သုဉ်းခဲ့လေသည်။ ထို့နောက် သာရကမ္ဘာကြီး ပေါ်လာခဲ့လေသည်။ ယင်းသာရကမ္ဘာတွင် ပဒုမုတ္တရာဘုရား ပွင့်တော်မူသည်၊ထိုအခါ ဘုရားအလောင်းတော်သည် ဇဋိလ သဌေးကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း သင်္ကန်း ကျွေးမွေး ဆက်ဆပ်လှူဒါန်းပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

သုမေဓဘုရား, သုဇာတဘုရားတို့ထံ ဗျာဒိတ်ခံခြင်း

ပဒုမုတ္တရာဘုရားပွင့်ရာ သာရကမ္ဘာကြီး ကွယ်ပျောက်ပြီး နောက် ကမ္ဘာပေါင်း ခုနစ်သောင်းပတ်လုံး ဘုရားမပွင့်ပဲ သုဉ်း ပြီးလျှင် တခုသောမဏ္ဍကမ္ဘာ၌ (၁)သုမေဓဘုရား (၂)သုဇာတ ဘုရားတို့ ပွင့်တော်မူကြသည်။ ထိုဘုရားနှစ်ဆူအနက် သုမေဓ ဘုရားရှင်လက်ထက်တွင် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သည့် ဥတ္တရ လုလင် သဌေးဖြစ်လေသည်။ ဥတ္တရလုလင်သည် နောက်တွင် ရဟန်းပြု၍ ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။ ၎င်းနောက် သုဇာတဘုရား လက်ထက်တွင် စကြာမင်းဖြစ်၍ နောက်တွင် ရဟန်းပြု၍ ဗျာဒိတ် ခံယူတော်မူခဲ့လေသည်။

ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား သုံးဆူတို့ထံ ဗျာဒိတ်ခံခြင်း

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် ကမ္ဘာပေါင်း တထောင့် ရှစ်ရာမြောက်ဖြစ်သော ဝရကမ္ဘာ၌ ပိယဒဿီဘုရား, အတ္ထဒဿီ ဘုရား, ဓမ္မဒဿီဘုရားအားဖြင့် ဘုရားသုံးဆူတို့ ပွင့်တော်မူကြ သည်။ ယင်းသုံးဆူအနက် ငါတို့ ဘုရားအလောင်းတော်သည် ပိယဒဿီ ဘုရားရှင်ထံ ကဿပ ပုဏ္ဏား သဌေးလုလင်ဖြစ်၍ ကျောင်းဆောက်လှူဒါန်း ပြုစုလုပ်ကျွေး၍ ဗျာဒိတ်ခံယူတော် မူခဲ့လေသည်။ ၎င်းနောက် အတ္ထဒဿီဘုရားထံတော် လက်ထက် တွင် သုသိမရသေ့ဖြစ်၍ ပန်းမဏ္ဍပ်, ပန်းထီး, ပန်းမျိုးစုံတို့ ဖြင့် ပူဇော်လှူဒါန်းပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ထို့ပြင် တပါး ဓမ္မဒဿီဘုရားထံတော်တွင် အခိုးအထုံမျိုးစုံ, မညိုးပန်း,

နတ်ပန်း စသည်တို့ဖြင့် ပူဇော်ပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

သိဒ္ဓတ္ထဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

ဤဘဒ္ဒကမ္ဘာမှ ပြန်ရေလျှင် ကိုးဆယ့်လေးကမ္ဘာမြောက်ဖြစ်သော သာရကမ္ဘာ၌ သိဒ္ဓတ္ထဘုရား ပွင့်တော်မူသည်၊ သိဒ္ဓတ္ထဘုရားထံတော်၌ ဘုရားမြတ်စွာနှင့်တကွ ရဟန်းသံဃာတော်ကိုးကုဋေတို့အား ဇမ္ဗူ သပြေသီး လှူဒါန်းဆက်ကပ်ပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

တိဿဘုရားနှင့် ဖုဿဘုရားရှင်တို့ထံ ဗျာဒိတ်ခံခြင်း

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆယ့်နှစ်ကမ္ဘာမြောက်ဖြစ်သော မဏ္ဍကမ္ဘာ၌ တိဿဘုရားနှင့် ဖုဿဘုရားတို့ ပွင့်တော်မူကြသည်။ ငါတို့ ဘုရားအလောင်းတော်သည် တိဿဘုရားရှင်ထံတော်တွင် နတ်ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်၍ ဗျာဒိတ်ခံတော်မူခဲ့လေသည်။ ထို့နောက် ဖုဿဘုရားရှင်ထံတော်တွင် ဝိဇိတာဝီ စကြာမင်းဖြစ်၍ ယင်းစကြာမင်းအဖြစ်မှ ရဟန်းဖြစ်၍ သာသနာ့ဝန်ထမ်း ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

ဝိပဿီဘုရားရှင်ထံ ဗျာဒိတ်ခံခြင်း

တိဿဘုရား, ဖုဿဘုရားတို့ ပွင့်တော်မူသော ကမ္ဘာကြီးကွယ်ပျောက်ပြီးနောက် ပေါ်ပေါက်လာသော သာရကမ္ဘာတွင် ဝိပဿီဘုရား ပွင့်တော်မူခဲ့လေသည်။ ယင်း ဝိပဿီဘုရားထံ

အတုလနဂါးမင်းဖြစ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးပြီးလျှင် ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

သိခီဘုရား၊ ဝေဿဘူဘုရားထံ ဗျာဒိတ်ခံ

ဝိပဿီဘုရားရှင်ပွင့်ရာ သာရကမ္ဘာမှ နောက် ငါးဆယ့်ကိုးကမ္ဘာလုံးလုံး ဘုရားသုဉ်း၍ ဤကမ္ဘာမှ အထက် သုံးဆယ့်တစ်ကမ္ဘာမြောက် မဏ္ဍကမ္ဘာတွင် သိခီဘုရားနှင့် ဝေဿဘူဘုရားတို့ ပွင့်တော်မူကုန်၏။ ငါတို့ ဘုရားအလောင်းတော်သည် သိခီဘုရားလက်ထက်တွင် အရိန္ဒမ မင်းဖြစ်၍ ကမ္ဗိယ ပစ္စည်းမျိုးစုံ လှူဒါန်း၍ ဗျာဒိတ်ခံတော်မူခဲ့လေသည်။ ဝေဿဘူဘုရားလက်ထက်တွင် သုဒဿနမင်းအဖြစ်မှ ရဟန်းဝတ် သာသနာ့ဝန်ထမ်းဆောင်ပြီး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။

ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားတို့ထံ ဗျာဒိတ်ခံ

သိခီ၊ ဝေဿဘူ ဘုရားနှစ်ဆူ ပွင့်တော်မူရာ မဏ္ဍကမ္ဘာကြီး ပျက်စီးပြီးနောက် နှစ်ဆယ့်ကိုးကမ္ဘာလုံးလုံး ဘုရားသုဉ်းခဲ့၍ ယခု တည်နေရာ ဘဒ္ဒကမ္ဘာကြီး ပေါ်လာလေသည်။ ဤကမ္ဘာတွင် ပွင့်တော်မူခဲ့သော ကကုသန်ဘုရားထံတော်၌ ငါတို့ ဘုရားအလောင်းတော်သည် ခေမ မင်းဖြစ်၍ ခေမ မင်းအဖြစ်မှ သည် ရဟန်းပြုကာ သာသနာ့ဝန် ထမ်းဆောင်၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ကောဏာဂုံဘုရား လက်ထက်တွင်လည်း ပဗ္ဗတမင်း

ဖြစ်၍ အလှူကြီးပေး ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ဗျာဒိတ်ခံယူပြီး ရဟန်းပြုတော်မူခဲ့လေသည်။ ကဿပဘုရားမြတ်စွာလက်ထက်တွင် ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်ခဲ့လေသည်။ ၎င်းနောက် ကဿပဘုရားထံရောက်၍ ရဟန်းပြုပြီး သာသနာ့ဝန် အားသွန်ကြိုးပမ်းရာ နောင်သောအခါ နွယ်တော်ဂေါတ္တဂေါတမအမည်ဖြင့် ဘုရားဖြစ်လိမ့်မည်ဟူ၍ ဗျာဒိတ်ခံယူတော်မူခဲ့လေသည်။ ယင်းသို့ နှစ်ကျိပ်လေးဆူသော ဘုရားသဗ္ဗညုတို့ထံ ဗျာဒိတ်ခံရသောဘဝတို့ကို ရှေးပညာရှိတို့သည်—

ခြင်္သေ့တပါး နဂါးနှစ်ဦး ဘီးလူးတခါ ဣန္ဒာတဖြစ် လူဇစ်
ဆယ့်ကိုး မင်းမျိုးအဋ္ဌ ဗြဟ္မာကာသတ် စက္ကဝတ်ဒွေး သဒွေး
ဧကမာဏဝသုံး နှလုံးသိမ်မွေ့ ရသေ့ပဉ္စ သမဏနော
အရောရောဖြင့် ရှင်စောမြတ်စွာ တို့ဆရာလျှင် ကမ္ဘာသိန်းနေ
သင်္ချေလေးထပ် ဆယ့်နှစ်ကပ်တွင် သဗ္ဗညုတ ဗုဒ္ဓတံဆိပ်
ငါးမာရ်နှိပ်သား နှစ်ကျိပ်လေးပါး ရှင်တော်များ၌ ဝပ်
တွားကျိုးနွံ ဗျာဒိတ်ခံ၍ သယမ္ဘူစစ် ကိုယ်တော်ဖြစ်သည်
သုံးခေတ်မကိုဋ္ဌ သျှောင်ပန်းတည်း။

ဟူ၍ စပ်ဆိုခဲ့ကြလေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ယင်းသို့ နှစ်ဆယ့်လေး အသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဖြည့်ကျင့်တော်မူခဲ့ပြီး နောက်ဆုံးဘဝတွင် ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ မယ်တော်မာယာ ဝမ်းကြာ

တိုက်၌ စွဲပိုက်သန္ဓေ နေတော်မူ၍ ဘိုးတော် အဉ္ဇနမင်းကြီး ဖြိုကြွင်း သက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာ နေ့တွင် နေ့လည်မွန်းတည့် အချိန်တွင် ဖွားမြင်တော်မူခဲ့လေ သည်။ သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ဒေဝဒဟ ပြည် သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာဒေဝီတို့၏ သမီးကညာ ယသော ဓရာနှင့် လက်ထပ်၍ ဘိသိက်သွန်းလောင်း မင်းအဖြစ်သို့ရောက် ကာ ပြာသာဒ်သုံးဆောင်၌ မင်းစည်းစိမ်ကို ခံစားစဉ် မဟာ သက္ကရာဇ် ၉၇ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဥယျာဉ်တော်ထွက်စဉ် နိမိတ်ကြီး လေးပါးမြင်၍ မဂဓတိုင်း ဥရုဝေလတောသို့ထွက် ကြွ၍ တောထွက် ရဟန်းပြု ဘုရားဖြစ်ရန် အားထုတ်ကျင့်ကြံ တော်မူရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့တွင် ဥရုဝေလတောအနီး ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဖော်ပြပါအကြောင်း ရပ်များကို မဟာဝံသ၌ အောက်ပါဂါထာပေါင်း ရှစ်ဂါထာ ဖြင့် ရေးတင်တော်မူခဲ့လေသည်။

၁။ ဒီပင်္ကရံ ဟိ သမ္ဗုဒ္ဓံ၊ ပဿိတွာန ဇိနော ပုရာ။
လောကံ ဒုက္ခာ ပမောစေတုံ၊ ဗောဓာယ ပဏိဓိံ အကာ။

၂။ တတော တဉ္စေဝ သမ္ဗုဒ္ဓံ၊ ကောဏ္ဍညံ မင်္ဂလံ မုနိံ။
သုမနံ ရေဝတံ ဗုဒ္ဓံ၊ သောဘိတဉ္စ မဟာမုနိံ။

၃။ အနောမဒဿိံ သမ္ဗုဒ္ဓံ၊ ပဒုမံ နာရဒံ ဇိနံ။
ပဒုမုတ္တရ သမ္ဗုဒ္ဓံ၊ သုမေဓဉ္စ တထာဂတံ။

၄။ သုဇာတံ ပိယဒဿိံ စ၊ အတ္ထဒဿိဉ္စ နာယကံ။
ဓမ္မဒဿိဉ္စ သိဒ္ဓတ္ထံ၊ တိဿံ ဖုဿံ ဇိနံ တထာ။

၅။ ဝိပဿိံ သိခီ သမ္ဗုဒ္ဓံ၊ သမ္ဗုယံ ဝေဿဘုံ ဝိဘုံ။
ကကုသန္ဓဉ္စ သမ္ဗုဒ္ဓံ၊ ကောဏာဂမနမေဝ စ။

၆။ ကဿပံ သုဂတဉ္စေမေ၊ သမ္ဗုဒ္ဓေ စတုဝီသတိ။
အာရာဓေတွာ မဟာဝီရော၊ တေဟိ ဗောဓာယ-
ဗျာကတော။

၇။ ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတွာ သမ္ဗောဓိ မုတ္တမံ။
ဥတ္တမော ဂေါတမော ဗုဒ္ဓေါ၊ သတ္တေ ဒုက္ခာ ပမောစယိ။

၈။ မဂဓေသု ရုဝေလာယံ၊ ဗောဓိမူလေ မဟာမုနိ။
ဝိသာခပုဏ္ဏမာယံ သော၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။ [၁]

သတ္တသတ္တာဟ စံတော်မူခြင်း

ဘုရား ဖြစ်တော်မူပြီးနောက်.... (၁) ပလ္လင်္ကသတ္တာဟ (၇-ရက်ပတ်လုံး ပလ္လင်ပေါ်၌ တင်ပျဉ်ထိုင်တော်မူ ၍သတ္တ

၁။ မဟာဝံသ၊ ၁။ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂။ (ပါဠိ မကျွမ်းကျင်သူများ ဂါထာများကို ကျော်ဖတ်သွားပါ။ ပါဠိဘာသာ ကျွမ်းကျင်, ပါဠိဝါသနာရှင်များအတွက် ဖော်ပြပါသည်၊

လောကကို ရှုစားသီတင်းသုံးတော်မူသည်။) (၂) အနိမိတ္တ သတ္တာဟ (မမှိတ်သောမျက်စိဖြင့် ၇-ရက်ပတ်လုံး သဗ္ဗညုတ ဉာဏ်ရရာ ပလ္လင်တော် ကြည့်တော်မူသည်။) (၃) ရတနစင်္ကမ သတ္တာဟ (ဗောဓိပင်အနီး ၇-ရက်ပတ်လုံး စင်္ကြံကြွတော်မူ သည်။) (၄) ရတနာဃရသတ္တာဟ (ရတနာဃရ ရွှေအိမ်၌ အဘိဓမ္မ ၇-ကျမ်း၊ ၇-ရက်ပတ်လုံး သုံးသပ်တော်မူသည်။) (၅) အဇပါလ သတ္တာဟ (အဇပါလ ဆိတ်ကျောင်းပင်ရင်း၌ ၇-ရက် ပတ်လုံး ဝိမုတ္တိချမ်းသာ ခံစားတော်မူသည်။ (၆) မုစလိန္ဒ သတ္တာဟ (မုစလိန္ဒာရေအိုင်အနီး ကျည်းပင်ရင်း၌ ၇-ရက် သီတင်းသုံးတော်မူသည်။) (၇) ရာဇာယတနသတ္တာဟ (လင်း လွန်းပင်ရင်း၌ ၇-ရက်ပတ်လုံး သီတင်းသုံး ဖလသမာပတ် ဝင်စားတော်မူသည်။ အို....စာတော်ဖတ်၊ အသင်စာတော်ဖတ် သည် သတ္တာဟ ၇-ပါး မှတ်သားမိလေအောင် အောက်ပါ သတ္တဋ္ဌာန ဘုရားရှိခိုးကို ကျက်မှတ်၍ ရွတ်ဆို ရှိခိုးရာ၏။

ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမဋ္ဌာနံ၊ စတုတ္ထံ ရတနာဃရံ။

ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။ [၁]

၁။ (ပါဠိစာပေ သနားနှင်များ အတွက် ဖော်ပြသည်။ ကျမ်း လေးမည်စိုး၍ အနက်မပေးလိုက်ပါ။)

ဗာရာဏသီ မိဂဒါဝုန်တော ဝါဆို ရဟန္တာ ၆၀-ကျိပ် ပေါ်ပေါက်စေတော်မူခြင်း

တရားမဟောရန် အကြံတော်ဖြစ်သည်ကို သဟမ္ပတိ ဗြဟ္မာ မင်းကြီး သိရှိ၍ တရားဟောရန်တောင်းပန်သဖြင့် တရားဟော မည်ဟု ဝန်ခံတော်မူပြီး ဗာရာဏသီပြည်သို့ ကြွတော်မူ၍ မိဂဒါ ဝုန်တော၌ ပဥ္စဝဂ္ဂီရသေ့ငါးဦးတို့အား ဓမ္မစကြာတရားဟော တော်မူသည်။ နောက်တွင် အနတ္တလက္ခဏာသုတ်တော်ကို ဟော တော်မူသည်။ အားလုံး ရဟန္တာ ဖြစ်ကြသည်။ ၎င်းနောက် သဌေးသား ယသလုလင် ရဟန်းပြုရဟန္တာဖြစ်သည်။၎င်းနောက် ဗာရာဏသီပြည် သဌေး သူကြွယ်ကြီးများ၏ သားများ ဖြစ်ကြသော ဝိမလလုလင်, သုဗာဟုလုလင်, ပုဏ္ဏဇိလုလင်, ဂဝမ္ပတိလုလင်တို့ ရဟန်းပြုကြရာ ရဟန္တာ ဖြစ်ကြသည်။ ၎င်း နောက် အရှင်ယသ၏ ကုသိုလ်ပြုဖက် သဌေးသား မိတ်ဆွေ အမျိုးသား ငါးဆယ်တို့ ရဟန်းပြု ရဟန္တာ ဖြစ်ကြလေသည်။

ဤသို့ဖြင့် ဘုရားမြတ်စွာ ဗာရာဏသီပြည်၌ ဝါဆို၍ သီတင်း သုံး စဉ်အတွင်း ပဥ္စဝဂ္ဂီ ၅ + အရှင်ယသ ၁ + အရှင်ဝိမလ, အရှင်သုဗာ ဟု, အရှင်ပုဏ္ဏဇိ, အရှင် ဂဝမ္ပတိ ၄ + သဌေးသားအမျိုးသား ၅၀ = စုစုပေါင်း ရဟန္တာ အရှင်မြတ် ၆၀-ပေါ်ပေါက်အောင်

ဘုရားမြတ်စွာ အသာခေရဏ မဟာကရုဏာတော်ဖြင့် ပြုတော်မူခဲ့လေသည်။

သတ္တာဟာနိ တဟံ သတ္တ၊ သော ဝိမုတ္တိ သုခံ ပရံ။
ဝိန္ဒန္တော မစုရတ္တဉ္စ၊ ဒသာယန္တော ဝသီ ဝသီ။

တတော ဗာရာဏသိံ ဂန္တွာ၊ ဓမ္မစက္ကံ ပဝတ္တယိ။
တတ္ထ ဝဿံ ဝသန္တောဝ၊ သဋ္ဌိံ အရဟတံ အကာ။[၁]

သာသနာပြု စေလွှတ်တော်မူခြင်း

ဘုရားမြတ်စွာသည် မိဂဒါဝုန်၌ ပဌမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ၆-ကျိပ်သောရဟန်းတော်များကို ခေါ်တော်မူ၍ "ချစ်သားရဟန်းများတို့.... ငါကား လူနတ်တို့၌ဖြစ်သော တဏှာရာဂကျော့ကွင်းမှ လွတ်ကင်းတော်မူခဲ့လေပြီ။ သင် ချစ်သားများလည်း လူနတ်တို့၌ဖြစ်သော တဏှာရာဂ ကျော့ကွင်းမှ လွတ်ကင်းခဲ့ကြလေပြီ"ဟု စကားချီတော်မူကာ "သင်တို့ ထိုထို ဤဤ လှည့်လည်ကြချေ။ အစ, အလယ်, အဆုံး ၃-ပါးလုံး အပြစ်ကင်းလွတ် ဝဋ္ဋမှထွက်ကြောင်း ကောင်းမြတ် အနက်အဓိပ္ပာယ်ပြည့်စုံသော တရားတော်များကို ဟောကြားကြချေ။

၁။ မဟာဝံသ၊ ၈။ ၁၃။ ၁၄။ (ပါဠိစာပေဝါသနာရှင်များအတွက် ဖော်ပြသည်)။

ကိလေသာမြူ နည်းပါး၍ ပညာမျက်စိ အားကောင်းသော သတ္တဝါများ ရှိကြပေသည်။ ထိုသတ္တဝါများသည် တရား မနာရသည့်အတွက် ရသင့်ရထိုက်သောတရားမှ ယုတ်လျော့နေကြသည်၊ တရားသိလွယ်သူတွေ ရှိကြလိမ့်မည်''ဟု မိန့်တော်မူ၍ သာသနာပြု စေလွှတ်တော်မူခဲ့လေသည်။

ဘဒ္ဒဝဂ္ဂီညီနောင်မင်းသားတို့ ချွေချွတ်ခြင်း

ဂုဏ်နောက် ဘုရားမြတ်စွာသည် ဥရုဝေလ တောသို့အကြွ လမ်းခရီးအကြားတွင် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ မင်းကြီး၏ အဘတူ အမိကွဲသားဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား ၃၀-ကျိပ်တို့ကို ချွေချွတ် ရဟန္တာ ဖြစ်စေတော် မူခဲ့လေသည်။

တေ ဓမ္မဒေသနတ္တာယ၊ ဝိသဇ္ဇေတွာန ဘိက္ခဝေါ။

ဝိနေတွာန တတော တိံသ၊ သဟာယေ ဘဒ္ဒဝဂ္ဂိယေ။ [၁]

ရသေ့ညီနောင် ရှင်တထောင်ကို ချွတ်တော်မူခြင်း

ဥရုဝေလတော၌ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ-ဟူသော ရသေ့ညီနောင် ၃-ဦးတို့သည် အကြီးအမှူးဆရာပြုကြကာ ဥရုဝေလကဿပ၌ တပည့်ငါးရာ, နဒီကဿပ၌ တပည့်သုံးရာ, ဂယာကဿပ၌ တပည့်နှစ်ရာ အသီးသီးရှိကြ၍ မြစ်တွေ့

၁၊ မဟာဝံသ၊ ၁။ ၁၅။

တခုစီကိုမှီ၍ နေကြသည်။ ရေငုပ် မီးလှုံ တုံးခုန် ဇယ်ခတ် အတ္တ-ကိလမထ အကျင့်အရပ်ရပ်ကို မှားယွင်းစွာ ကျင့်နေကြသဖြင့် ဘုရားမြတ်စွာ သနားတော် မူလှသဖြင့် ဥရုဝေလတောသို့ ကြွတော်မူသည်။ ဥရုဝေလတော ဥရုဝေလကဿပ၏ ကျောင်းသခ်မ်းအနီး မီးတင်းကုတ်ထဲ၌ နဂါးကြီးကို ဆုံးမနှိမ်နင်း၍ ကြည်ညိုသဖြင့် ဥရုဝေလကဿပသည် ဘုရားမြတ်စွာအား နေ့စဉ် ဆွမ်းလုပ်ကျွေးသဖြင့် ဘုရားမြတ်စွာသည် ဥရုဝေလရသေ့၏ ကျောင်းသခ်မ်းအနီး တခုသော တောအုပ်၌ သီတင်းသုံးတော်မူ၍ နေ့စဉ် ဥရုဝေလကဿပ ရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ရသေ့များ၏ ဣန္ဒြေရင့်ချိန်ကို စောင့်မျှော်ယင်း သီတင်းသုံးတော် မူခဲ့လေသည်။ ညဥ့်အချိန်တွင် နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းတို့ ခစားကာ ဝတ်ပြုလာကြလေရာ ဥရုဝေလကဿပ ရသေ့ဘုရားရှင်အား ပို၍ကြည်ညို အထင်ကြီးခဲ့လေသည်။ ယင်းသို့ သည်းခံ၍ သီတင်းသုံးတော်မူကာ ပြာသိုလပြည့်နေ့သို့ ရောက်လာခဲ့လေသည်။ ယင်း ပြာသိုလပြည့်နေ့တွင် အင်္ဂတိုင်း၊ မဂဓတိုင်းမှ လူများစုပေါင်းပြီး ဥရုဝေလနေ ရသေ့တို့အား ပူဇော်ကြမြဲဖြစ်ရာ အဖိတ်နေ့က ပူဇော်ဖွယ် စားသောက်ဖွယ်များ စီစဉ်ကြကုန်၏၊ ထိုအခါ ဥရုဝေလကဿပမှာ "နက်ဖြန်ကာဆိုလျှင် အင်္ဂတိုင်း၊ မဂဓတိုင်းမှ ဒကာ၊ ဒကာမများစွာတို့လာပြီး ငါတို့ပူဇော်ကြမည်၊ အကယ်၍ ရဟန်း

ကြီး ဂေါတမ ရှိနေ၍ သူက တန်ခိုးပြာဋိဟာ ပြလိုက်လျှင် သူ့ကိုကြည်ညိုပြီး ငါ့ကိုကြည်ညိုတော့မည်မဟုတ်ချေ။ သို့ဖြစ်၍ နက်ဖြန် ပြာသိုလပြည့်နေ့တွင် ရဟန်းကြီး ဆွမ်းစားမကြွလာလျှင် ကောင်းလေစွဟု လာဘမစ္ဆေရအကြံဆိုး ဖြစ်ပေါ်ခဲ့လေသည်။

သဟာဿဇဋိလေ နာထော၊ ဝိနေတုံ ကဿပါဒိကေ။
ဟောမန္တေ ဥရုဝေလာယံ၊ ဝသိ တေ ပရိပါစယံ။

ဥရုဝေလ ကဿပဿ၊ မဟာယညေ ဥပဋ္ဌိတေ။
တဿတ္တနော နာဂမနေ၊ ဉတ္ဆာစာရံ ဝိဇာနိယ။[၁]

မြောက်ကျွန်းကြွ ဆွမ်းခံ အနဝတတ်အိုင် ဆွမ်းဘုဉ်းပေးခြင်း

ဘုရားမြတ်စွာသည် ဥရုဝေလ ကဿပရသေ့၏ လာဘမစ္ဆေရအကြံဆိုးကို သိတော်မူသဖြင့် ဥရုဝေလရသေ့ထံ ဆွမ်းဘုဉ်းပေးကြွတော်မမူပဲ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူခဲ့လေသည်။ မြောက်ကျွန်းမှဆွမ်းကို ဆောင်ယူတော်မူခဲ့ပြီး အနဝတတ်အိုင်အနီးတွင် ဆွမ်းဘုဉ်းပေးတော်မူခဲ့လေသည်။

၁။ မဟာဝံသ။ ၁။ ၁၆။ ၁၇။

ဥတ္တရကုရုတော ဘိက္ခံ၊ အာဟရိတွာ ရိမဒ္ဒနော။
အနောတတ္တဒဟေ ဘုတွာ၊ သာယဏှသမယေ ပန။

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သည် သမုဒ္ဒရာအလယ်ʻ လွန်စွာတင့်တယ်လှပသည့် ကျွန်း ဖြစ်လေသည်။ မြေအနေအထား လည်း ကောင်းမွန်၏။ ရာသီ ဥတု မအေးလွန်း မပူလွန်းပဲ အပူအအေးညီမျှရာ ရောက်ရှိသူတိုင်း သီဟိုဠ်ကျွန်း (သီရိလင်္ကာ နိုင်ငံ)၌ ပျော်ရွှင်ကြသည်။ နှစ်သက်ကြသည်။

ဒီပဝံသကျမ်း၌-

သုဒေသံ ဥတုသမ္ပန္နံ၊ သုဘိက္ခံ ရတနာကရံ။
ပုဗ္ဗဗုဒ္ဓမနုစိဏ္ဏံ၊ အရိယဂဏသေဝိတံ။
လင်္ကာဒီပဝရံ ဒိသွာ၊ သုခေတ္တံ အရိယာလယံ။[၁]

စသော ဂါထာများဖြင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ၏ ဂုဏ်များကို ဖော်ပြခဲ့လေသည်။ ယင်းသီဟိုဠ်ကျွန်း (သီရိလင်္ကာ နိုင်ငံ)သည် အိန္ဒိယနိုင်ငံ တောင်ဘက် အိန္ဒိယပင်လယ်အတွင်း၌ တည်ရှိ၏။ အလျား ၂၇၀-မိုင်, အနံ ၁၄၀-မိုင်, အကျယ် အဝန်း စတုရန်း ၂၅၃၃၂-မိုင် ရှိလေသည်။ လူနေအိမ်ခြေ

၁။ ဒီပဝံသ၊ ၁။ ၁၈၊ ၁၉။

မရှိခင်က ဘီလူးတို့၏နေရာ ဖြစ်လေသည်။ ယင်း သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သည် ရှေးယခင်က ကုမာရောက္ကန္တဒီပ, ဘရိယောက္ကန္တဒီပ, လင်္ကာဒီပ, သြဇာဒီပ, ဝရဒီပ, မဏ္ဍဒီပ, မဟိန္ဒဒီပ စသည့်အမည်များဖြင့်လည်း ထင်ရှားခဲ့လေသည်။

* တောပေါင်း သောင်းသောင်း တောင် အထပ်ထပ်
ရပ်ရပ်လျှိုမြောင် ချောင်အစားစား ရေများစီးသွား
မြစ်ချောင်းများနှင့် ထူးခြားလှစွာ ရာသီဥတု မပူ
မချမ်း တင့်ဆန်းသာယာ လွန်စွာတင့်တယ် ပျော်ဖွယ်
မှန်လှ ဒီပလင်္ကာ ဤဌာနကား တခါတခေါက်
အရောက်လှမ်းကာ သွားသင့်ပါသည် သာယာတင့်သည့်
ဌာနကို။

သီဟိုဠ်ကျွန်း (သီရိလင်္ကာ နိုင်ငံ) သို့
ကြွတော်မူခြင်း

ဘုရားမြတ်စွာသည် အနဝတတ်အိုင်အနီး ဆွမ်းဘုဉ်းပေးတော်မူပြီး အနဝတတ်အိုင်အနီးမှာပင် သမာပတ်ဝင်စား နေ့လည်သီတင်းသုံးတော်မူပြီး ဘုရားဖြစ်တော်မူ၍ ၉-လမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပြာသိုလပြည့်နေ့ ညနေချမ်းအချိန်တွင် ကိုယ်တော်မြတ် မရှိသည့်နောက်တွင် မိမိသာသနာတော်မြတ်ကြီး နေအစင်း လအစင်း ရာထောင်ဝန်း

သင်္ကဲ့သို့ထွန်းလင်းတောက်ပမည်ကို မြင်တော်မူသဖြင့် သာသနာ့အန္တရာယ် ရန်စွယ်များကို ကြိုတင်ကာကွယ် သုတ်သင်တော်မူရန် ကြွရောက်တော်မူခဲ့လေသည်။

ဗောဓိတော နုဝမေ မာသေ၊ ဖုဿပုဏ္ဏမိယံ ဇိနော။
လင်္ကာဒီပံ ဝိသောဓေတုံ၊ လင်္ကာဒီပ မုပါဂမိ။

သာသနုဇ္ဇောတနံ ဌာနံ၊ လင်္ကာဉာတာ ဇိနေန ဟိ။
ယက္ခပုဏ္ဏာယ လင်္ကာယ၊ ယက္ခာ နိဗ္ဗာသိ ယ ာတိ စ ။[၁]

ဘီလူး အစည်းအဝေးကြီး

ထိုအချိန်တွင် သီဟိုဠ်ကျွန်း (သိရိလင်္ကာနိုင်ငံ) အလယ် မဟာဝေလိဂင်္ဂါ (မဟာဝေလိမြစ်) မြစ်ကမ်းအနီး အလျားသုံးယူဇနာ, အနံတစ်ယူဇနာကျယ်ဝန်းပြီး အလွန်လျှင် ပျော်မွေ့ဖွယ်ကောင်းသော အများအားဖြင့် ကံ့ကော် ပင်တွေ ရှိပြီးအခြားအပြိုင်အဆိုင် ဖူးပွင့်ပြီး ကျက်သရေရှိနေသော နာဂဥယျာဉ် (ကံ့ကော်ဥယျာဉ်)ကြီး၌ သီဟိုဠ်ကျွန်းရှိ ဘီးလူးအားလုံး အစည်းအဝေးပွဲကြီး ကျင်းပပြုလုပ်နေကြသည်။ ထိုအခိုက်အခါတွင် ဘုရားမြတ်စွာသည် ထို နာဂဥယျာဉ် (ကံ့ကော်ဥယျာဉ်) ကြီး ဘီလူး အစည်းအဝေး အလယ် ဘီလူးများ၏အထက်ကောင်းကင်၌ "ညို၊ဝ ါနီဖြူ ရောင်မောင်းဟူ ခြောက်ဆူ

၁။ မဟာဝံသ၊ ၁။ ၂၀၊ ၃၁။

ပြိုးပြိုးပြက်'' ဟူသော ရောင်ခြည်တော် ခြောက်သွယ်တို့ကို ကွန့်မြူးစေတော်မူလျက် ရပ်တည်တော်မူလေသည်။ ၁

ဘီလူးတွေကြောက်လန့်အောင် ပြုတော်မူပြီ

ဘုရားမြတ်စွာ ဘီလူးများနှင့်တကွ သတ္တဝါအားလုံးကို ရာဟုလာ သားပမာ လွန်စွာသနားတော်မူလှသဖြင့် ရှေးဦးစွာ မာန်ကျိုးနှိမ်စေရန်လိုသည်ဟု သိတော်မူသဖြင့် ယခု မဟိယင်္ဂဏ စေတီကြီး တည်ရှိရာအရပ်၌၂ မိုးသည်းရွာချစေခြင်း, လျှပ်စည်း များ လင်းလက်စေခြင်း, လေကြမ်းကြီး တိုက်စေခြင်း, အမိုက် တိုက် အမိုက်မှောင်ကို ဖြစ်စေခြင်း, စသည်ဖြင့် ဘီလူးတို့ကို ကြောက်စေတော် မူခဲ့လေသည်။

၁။ ဥာတောဝ လင်္ကာမဏ္ဍမှိ၊ ဂင်္ဂါတီရေ မနောရမေ။
တိယောဇနာယတေ ရမ္မေ၊ ဧကယောဇနဝိတ္ထတေ။

မဟာနာဂဝနုယျာနေ၊ ယက္ခသင်္ဂါမဘူမိယာ။
လင်္ကာဒီပဋ္ဌ ယက္ခာနံ၊ မဟာယက္ခသမာဂမော။

ဥပါဂတော တံ သုဂတော၊ မဟာယက္ခသမာဂမံ။
သမာဂမဿ မဏ္ဍမှိ၊ တတ္ထ တေသံ သိရောပရိ။

မဟာဝံသ၊ ၁။ ၂၀၊ ၂၂၊ ၂၃။

၂။ မဟိယင်္ဂဏစေတီတည်ရာ အရပ်သည် ကန္ဒီမြို့မှ ၄၄-မိုင် ဝေးသည်။

ထိုအခါ ဘီလူးများ ဆက်လက် မစည်းဝေးတော့ပဲ အလွန်လျှင် ကြောက်လန့်ခြင်းဖြစ်ကာ ငိုယိုဟစ်အော်ကြသည်။ သည်တခါတော့ ခက်ကပြီ ဘယ်သူမျှလည်း မတတ်နိုင်တော့ဘူး၊ ဘယ်လို ပုဂ္ဂိုလ်ပါလိမ့်, နတ်လေလော့, သိကြားလေလော့ အကျွန်ုပ်တို့အား ဘေးအန္တရာယ် တစုံတရာ ပြုတော်မမူပါနှင့်၊ အသက်ချမ်းသာ ပေးတော်မူပါ ကယ်တော်မူပါ စသည်ဖြင့် ပြောဆိုလျှောက်ထားကြလေကုန်၏။ ၁

ဆင်းရဲကင်းပ ချမ်းသာရအောင်ပြုမည် စသည်ဖြင့် ဘုရားမြတ်စွာ မိန့်ကြားခြင်း

ထိုအခါ ဘုရားမြတ်စွာ အလွန်ပင်လျှင် ကြောက်လန့်တုန်လှုပ်နေကြသော ဘီလူးတို့ကို အို ဘီလူးအပေါင်းတို့....ငါဘုရားသည် သင်တို့အား ဆင်းရဲဒုက္ခ အဝဝကို ပယ်ရှားပြီး ချမ်းသာသုခနှင့်ပြည့်စုံအောင် ပြုတော်မူမည်။ သင်တို့တတွေ ညီညီနှင့် ငါဘုရားထိုင်ဖို့ရာ နေရာပေးကြပါဟု မိန့်ကြားတော်မူလေရာ ဘီလူးများက- အို အရှင်ဘုရား....တပည့်တော်များ အရှင်ဘုရားအတွက် နေရာပေးပါမည်။ တပည့်တော်များ သီဟိုဠ်တကျွန်းလုံး

၁။ မဟိယင်္ဂဏထူပဿ၊ ဌာနေ ဝေဟာယသံ ဇိနော။
ဝုဋ္ဌိဝါတန္ဓကာရေဟိ၊ တေသံ သံဝေဇနံ အကာ။
တေ ဘယဋ္ဌာဘယံ ယက္ခာ၊ အယာစုံ အဘယံ ဇိနံ။
မဟာဝံသ။ ၁။ ၂၄၊ ၂၅။

ချမ်းသာ ပေးတော်မူပါ, ဘေးမဲ့ ပေးတော်မူပါဟု လျှောက်ထားကြလေသည်။ ၁

ဘုရားမြတ်စွာတရားဟောခြင်း, ကုဋေများစွာ ကျွတ်တန်းဝင်ကြခြင်း

ဘုရားမြတ်စွာသည် အလွန်သနားတော်မူသဖြင့် ဘီလူးများ သန္တာန်၌ ဖြစ်ပေါ်နေသော ကြောက်လန့်ခြင်း, မိုးရွာချစေသဖြင့် ဖြစ်သော အလွန်ချမ်းအေးခြင်းနှင့် အမိုက်တိုက် အမိုက်မှောင်များကို ပယ်ရှားတော်မူကာ အရောင်အလင်းများ ဖြစ်စေတော်မူပြီး စမ္မခဏ်အခင်းတော်ကို ဖြန့်ခင်းစေ၍ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးစေလျက် သပ္ပါယ်ရှင်ပြုံး သီတင်းသုံးထိုင်နေတော်မူလေသည်။ သီဟိုဠ်တကျွန်းလုံးရှိ ဘီလူးအားလုံးတို့သည် လက်အုပ်ချီမိုး ရှိခိုးကာ ထိုင်နေကြလေကုန်၏။ သီဟိုဠ်ကျွန်းစောင့် နတ်များနှင့် စကြဝဠာများစွာမှ နတ်ဗြဟ္မာတို့သည်လည်း တရားနာရန် ညီညာတသွေး စည်းဝေးရောက်ရှိလာကြလေကုန်၏၊ ဘုရားမြတ်စွာသည် စည်းဝေး ရောက်လာကြသော ဘီလူးများ နတ်ဗြဟ္မာတို့အား သင့်လျော်သော တရားဒေသနာတော်ကို သစ္စာလေးပါး တရားပြ၍ ဟောတော်မူရာ

၁။ မဟာဝံသ၊ ၁။ ၂၅၊ ၂၆၊ ၂၇။

ကုဋေကုဋာ များစွာသော သတ္တဝါတို့ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တည် တရားထူး ရကြလေသည်။ သရဏဂုံသုံးပါး, ငါးပါးသီလ, ရှစ်ပါးသီလ စသော သီလတို့၌ တည်သော သတ္တဝါတို့မှာ ဤမျှ၊ ဤမျှ ရှိ၏ဟု ဂဏန်းထိုး၍ မပြနိုင်အောင် များမြောင်လှကုန်၏။

နေကောသံ ပါဏကောဋီနံ၊ ဓမ္မာဘိသမယော အဟု။
သရဏေသု စ သီလေသု၊ ဌိတာ အာသုံ အသင်္ခိယာ။[၁]

သုမနနတ်မင်း သောတာပန်တည်

သီဟိုဠ်ကျွန်း သုမနတောင်နေ သုမန နတ်သားသည်လည်း ဘုရားမြတ်စွာ ကြွလာကြောင်းသိသဖြင့် လာရောက်တရားနာရာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပယ်ခွာပြီး သောတာပတ္တိဖိုလ်၌ တည်လေသည်။ ယင်းသို့ သောတာပတ္တိဖိုလ်၌ တည်သဖြင့် ကိုးကွယ်ပူဇော်ဖွယ်ရာ ကင်း၍မနေနိုင်သဖြင့် ဘုရားရှင်ထံ ထာဝစဉ် ကိုးကွယ်ဖို့ရာကို တောင်းပန်လျှောက်ထားလေသည်။[၂]

၁။ မဟာဝံသ၊ ၁။ ၃၂။

၂။ သောတာပတ္တိဖလံ ပတ္ဝာ၊ သေလေ သုမနကူဋကေ။
မဟာသုမန ဒေဝိန္ဒော၊ ပူဇိယံ ယာစိ ပူဇိယံ။
မဟာဝံသ၊ ၁။ ၃၃။

ဆံတော်တဆုပ် ချီးမြှင့်တော်မူခြင်း

ဘုရားမြတ်စွာသည် သောတာပန် သုမနနတ်မင်း၏ ဝပ်စင်း ခယ လျှောက်ထား တောင်းပန်ချက်ကိုနှစ်သက်ကြည်ဖြူ လက်ခံ တော်မူကာ ဦးခေါင်းတော်ကို နူးညံ့ပျော့ပျောင်းသော လက် တော်ဖြင့်သုံးသပ်၍ ဆံတော်တဆုပ်ကို သိဟိုဠ်ကျွန်း၌ ကိုယ် တော် သာသနာတည်သမျှကာလပတ်လုံး လူနတ်ဗြဟ္မာ စသော သတ္တဝါအရပ်ရပ်တို့ ကိုးကွယ် ဆည်းကပ်ပူဇော်ရန် ချီးမြှောက် တော်မူခဲ့လေသည်။

သိရံ ပရာမသိတွာန၊ နီလာမလသိရောရုဟော။
ပါဏိမတ္တေ အဒါ ကေသေ၊ တဿ ပါဏဟိတော ဇိနော။[၁]

စေတီတည်ထား ကိုးကွယ်ခြင်း

သုမနနတ်မင်းသည် ဘုရားဇိနော် ချီးမြှင့်ပေးသနားတော်မူ အပ်သော ဆံတော်များကို ရွှေကလပ်ဖြင့်ခံယူတော်မူ၍ ဘုရား မြတ်စွာ သပ္ပါယ်ရှင်ပြုံး သီတင်းသုံးထိုင်နေတော်မူရာ အရပ်၌ ရတနာဖြင့်ပြီးသော ဥာပနာတိုက်၌ ဥာပနာစေကာ ဥာပနာ တိုက်ကို ဣန္ဒနီလာ ကျောက်များဖြင့် ပိတ်စေ၍ ဉာဏ်တော်

၁။ မဟာဝံသ၊ ၁။ ၃၄။

ခုနှစ်တောင် အမြင့်ဆောင်သော စေတီတော်ကို တည်ထား ကိုးကွယ်ပူဇော်ခဲ့လေသည်။[၁]

ဘုရားမြတ်စွာ လည်ပင်းရိုးတော်ဓာတ် ကိန်းဝပ်ပြီ

ဘုရားမြတ်စွာသည် အညာသိကောဏ္ဍညအစ သုဘဒ္ဒအဆုံး ရှိသော ဝေနေယျသတ္တဝါ နှစ်ဆယ့်လေး အသင်္ချေ ကုဋေ တသိန်း တွက်ကိန်းများလှ အနန္တတို့ကို ချွတ်ချွတ်တော်မူခဲ့ပြီး သက်တော် ၈၀၊ ဝါတော် ၄၅ ဝါရှိရာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိနာရုံပြည် မလ္လာမင်း တို့၏ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်။ ထိုနှစ် ကဆုန်လဆုတ် ၁၅-ရက် တနင်္ဂနွေနေ့တွင် တေဇောဓာတ် လောင်တော်မူခဲ့လေသည်။

ထိုစဉ်က ပညာတေဒဂ် ယက်ယာတော်ရံ အရှင်သာရိပုတ္တ ရာ၏ တပည့် ဖြစ်တော်မူသော အရှင်သရဘူ မထေရ်သည် တေဇောဓာတ် လောင်စဉ် စန္ဒကူးထင်းပုံအတွင်းမှ တန်ခိုးဖြင့်

၁။ သော တံ သုဝဏ္ဏစင်္ကောဋ္ဌ-ဝရေနာဒါယ သတ္ထုနော။
နိသိန္နဌာနရစိတေ၊ နာနာရတနသဉ္စယေ။

သဗ္ဗတော သတ္တရတနေ၊ တေ ဌပေတွာ သိရောရုဟော။
သော ဇုန္နိဂိလာ ထူပေန၊ ပိဒဟေသိ နမဿိစ။
မဟာဝံသ။ ၁။ ၃၅။ ၃၆။

ပင့်ဆောင်၍ ရဟန်းပေါင်းများစွာ ခြံရံ၍ အထက်ဖော်ပြပါ သီဟိုဠ်ကျွန်း နာဂဥယျာဉ်ရှိ စေတီတော်သို့ ကောင်းကင်မှ ကြွလာတော်မူကာ ဌာပနာတော်မူခဲ့လေသည်။ စေတီတော်ကိုလည်း အဆီခဲအဆင်းရှိ တလက်လက် တင့်တယ်သော ကျောက်များဖြင့် တဆယ့်နှစ်တောင် ဉာဏ်တော်မြင့်အောင် ထပ်မံပြုပြင်တော် မူခဲ့လေသည်။

ပရိနိဗ္ဗုတမ္ဟိ သမ္ဗုဒ္ဓေ၊ စိတာကတော၀ ဣဒ္ဓိယာ။
အာဒါယ ဇိနဂီဝဋ္ဌိံ၊ ထေရော သရဘူနာမကော။

ထေရဿ သာရိပုတ္တဿ၊ သိဿော အာနီယ စေတိယေ။
တသ္မိံယေဝ ဌပေတွာ၊ ဘိက္ခူဟိ ပရိဝါရိတော။

ဆာဒါပေတွာ မေဒဝဏ္ဏ-ပါသာဏေဟိ မဟိဒ္ဓိကော။
ထူပံ ဒွါဒသဟတ္ထုစ္စံ၊ ကာရာပေတွာန ပက္ကမိ။ [၁]

အဆက်ဆက်မွမ်းမံ ကိုးကွယ်ခြင်း

သာသနာသက္ကရာဇ် ၂၃၆(၂၃၇)-၂၇၇-တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့၌ နန်းတက်၍ သီဟိုဠ်ကျွန်းကို အုပ်စိုးမင်းပြုသော ဒေဝါနံ ပိယတိဿမင်း၏ညီ ဥဒ္ဓစူဠာဘယသည် စေတီတော်မြတ်၏ ထူးခြားပုံကို သိရှိကြည်ညိုသဖြင့် အတောင် သုံးဆယ်အမြင့်ဆောင်အောင် တိုးချဲ့တည်ထားကိုးကွယ်ခဲ့လေသည်။

၁။ မဟာဝံသ၊ ၁။ ၃၇၊ ၃၈၊ ၃၉။

တဖန်သီဟိုဠ်ကျွန်း အနုရာဓမြို့၌ပင် သာသနာသက္ကရာဇ် ၃ဂ၃–၄၀၇-တွင် နန်းတက်၍ သီဟိုဠ်တကျွန်းလုံးကို အုပ်စိုးတော်မူခဲ့သော မဟာစေတီတော် ဒါယကာ, မရိစဝဋ္ဋိ စေတီတော်ကြီးများ စသည်တို့၏ ဒါယကာဖြစ်သော ဒုဋ္ဌဂါမဏိမင်းကြီးသည် ယင်းစေတီကိုငုံ၍ အတောင်ရှစ်ဆယ် တိုးချဲ့ တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ ယင်း စေတီတော်ကြီးကား ဘုရားမြတ်စွာ သီတင်းသုံး ထိုင်တော်မူရာ ပူဇော်ထိုက်သော မြေများ ဥကင်မြေထိပ်ခေါင်တင်၌ တည်ထားသော စေတီဖြစ်ရကား မဟိယင်္ဂဏစေတီဟူ၍ သုံးလောကတလွှားတွင် လွန်စွာ ထင်ရှားပါပေသည်။[1]

သီဟိုဠ်ကျွန်း ပထမဆုံးစေတီ

ဤမဟိယင်္ဂဏ စေတီတော်သည် သီဟိုဠ်ကျွန်း၌ ပဌမဆုံး စေတီတော်ဖြစ်လေသည်။ ဓာတ်တော်မွေတော်နှင့် ဗောဓိပင်, ဘုရားဟောကျမ်းစာ ဒေသနာ, သာသနာ့ပြုရဟန်းတော်များ ရောက်သည်ကို သာသနာရောက်သည်ဟုဆိုရာ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဘုရားမြတ်စွာ သာသနာ စတင်ရောက်သည်မှာ ဘုရားဖြစ်၍ ၉-လ အကြာတွင် ဖြစ်လေသည်။ မြန်မာပြည်၌ ရွှေတိဂုံစေတီတော်ကြီး၌ ကိန်းဝပ်တော်မူသည့် ဆံတော်များမှာ ဘုရားဖြစ်၍ ၃-လနှင့် ၅-ရက်အကြာတွင် ဦးစွာရောက်ရှိတော်

၁။ အသီတိဟတ္ထံ ကာရေသိ၊ တသ္မိံ ကဉ္စုကစေတိယံ။
မဟိယင်္ဂဏထူပေါယ၊ ဧသော ဝံ ပတိဋ္ဌိတော။
မဟာဝံသ၊ ၁။ ၄၂။

မူခဲ့လေသည်။ ယင်း မဟိယင်္ဂဏ စေတီတော်ကြီးမှာ နောက်ထပ် အများစုပေါင်း ပြင်ဆင်ထားပြန်ရာ ကြည်ညိုဖွယ် လွန်စွာ သပ္ပါယ်သည့် စေတီတော်ကြီးဖြစ်လေသည်။ သီဟိုဠ်တို့က ယင်း စေတီတော်ကြီးကို–

လင်္ကာယ ယတ္ထ ပဌမံ ဘဂဝါ နိသဇ္ဇ၊
ယက္ခေ ဒမေသိ ကတ မိဒ္ဓိ ဗလေန သဒ္ဓိံ။
ဂီဝါယ ဓာတု နိဟိတံ စတုဝါရဗဒ္ဓံ၊
ဝန္ဒာမိ သာဓု မဟိယင်္ဂဏထူပရာဇံ။

ဟူသော ဂါထာဖြင့် ရွတ်ဆိုရှိခိုးပူဇော် ဖူးမြော်ကြကုန်၏။

ဂါထာနက်။ လင်္ကာယ=လင်္ကာခေါ်ဆို ကျွန်းသီဟိုဠ်၌။ ဝါ= သိရိလင်္ကာ သညာတင့်ရွှန်း သီဟိုဠ်ကျွန်း၌။ ယတ္ထ=ယင်း ပူဇော် ဖွယ်မြေမြတ်မဟာ၌။ ပဌမံ=ရှေးဦးစွာ။ ဘဂဝါ=မြတ်စွာဘုရား သည်။ နိသဇ္ဇ=သပ္ပါယ်ရှင်ပြုံး သီတင်းသုံး ထိုင်နေတော်မူ၍။ ကတမိဒ္ဓိဗလေန = ကိုယ်တော်မြတ် ပြုအပ် ဖန်ဆင်းအပ်သော တန်ခိုးတော် စွမ်းအင်နှင့်။ သဒ္ဓိံ=အတူတကွ။ ယက္ခေ=ဘီလူး တို့ကို။ ဒမေသိ= အနုအကြမ်းအဆန်းတကြယ် သွယ်သွယ်ဝဝ နည်းနာနယဖြင့် ဆုံးမတော်မူခဲ့လေပြီ။ ဂီဝါယ နိဟိတံ= ဘုရား ဘုန်းစည် လည်ရိုးဓာတ်တော်မြတ်လည်း ဌာပနာရာ ဖြစ်တော် မူပါသော။ စတုဝါရဗဒ္ဓံ=လေးကြိမ်တိုင် ဖွဲ့အပ် တည်ထားအပ် သော။ မဟိယင်္ဂဏထူပရာဇံ = ကြီးကျယ်မြင့်မား မဟိယင်္ဂဏ စေတီတော်ဘုရားကို။ သာဓု=ကောင်းမွန် ရိုသေစွာ။ အဟံ= အကျွန်ုပ်သည်။ ဝန္ဒာမိ=ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

သီဟိုဠ်ကျွန်း သုံးကြိမ်လှည့်ကြွ မေတ္တာသုတ် ပရိတ်ရွတ်

ဘုရားမြတ်စွာသည် ပဌမအကြိမ် သီဟိုဠ်ကျွန်း ကြွတော်မူစဉ်က သီဟိုဠ်ကျွန်း၌ ဘီလူးတို့ကို ဆုံးမတော်မူပြီး နေ့ခင်းသော အခါ အရှင်မဟိန္ဒ - အစရှိသော ရဟန္တာ ပုဂ္ဂိုလ်ကြီးများ သာသနာပြုတော်မူလျှင် ပိုမို၍အောင်မြင်မှုရရှိရန် ရည်သန်တော်မူကာ ဘီလူးများလည်း ကိုယ်တော်မြတ်၏ တရားတော်ကို ကြားနာရသဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြသည်ကို သိတော်မူ၍ ဘီလူးများ တော်ရာရှောင်ရှား နေထိုင်၍ ဤသီဟိုဠ်ကျွန်း၌ လူနေအိမ်ခြေဖြစ်သောအခါ ဘီလူးဘေးမှကင်းဝေးရန် အစောင့်အရှောက် အရံအတားပြုသည့် အနေအားဖြင့် သီဟိုဠ်ကျွန်းကို သုံးကြိမ်လက်ယာရစ် လှည့်လည်တော်မူ၍ မေတ္တာသုတ် ပရိတ်တော်ကိုလည်း ရွတ်ဆိုတော်မူခဲ့လေသည်။

ဥတွာန ဗုဒ္ဓေါ သုခိတော အမာနုသေ၊
ဌတွာန မေတ္တံ ပရိတ္တံ ဘဏိ ဇိနော။
ကတွာန ဒီပံ တိဝိဓံ ပဒက္ခိဏံ၊
သဒါ ရက္ခံ ယက္ခ ဂဏာ ဝိနောဒနံ။[၁]

၁။ ဒီပဝံသ၊ ၁။ ၇၉။

ဒုတိယအကြိမ် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ကြွတော်မူခြင်း

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ နဂါးကျွန်းဝယ် မဟောဒရ နဂါးနှင့် စူဠောဒရနဂါး အရီးနှင့်တူတို့သည် ပတ္တမြားပလ္လင်ကို အကြောင်းပြု၍ စစ်တိုက်ရန် ပြင်ဆင်နေကြသည်။ မဟောဒရ နဂါးမင်းသည် တန်ခိုးကြီးသည်၊ ၁၀၅-ယူဇနာ ကျယ်သော သမုဒ္ဒရာအတွင်းရှိ နဂါးဘုံကိုပိုင်ဆိုင်၍ နောက်လိုက်နောက်ပါ နဂါးများစွာရှိသည်။ စူဠောဒရ နဂါးမင်းသည်လည်း ငယ်ရွယ်သူဖြစ်သည့် အလျောက် ငယ်ရွယ်သူနဂါးများစွာ အခြံအရံရှိသည်။ သူတို့နှစ်ဦးအနက် မဟောဒရ နဂါးမင်းကလည်း ပတ္တမြားပလ္လင်ကို ကွယ်လွန်သူ မိဘများက သူ့အားပေးခဲ့သည် ဟုဆိုသည်။ စူဠောဒရ နဂါးမင်းကလည်း ကွယ်လွန်သူ အဘိုးအဘွား နဂါးများက သူ့ကိုပေးခဲ့သည်ဟုဆိုသည်။ သို့နှင့် အရီးနှင့် တူ၊ တူနှင့် အရီး နဂါးနှစ်ဦးတို့သည် ပတ္တမြားပလ္လင် ရရေး ငြင်းခုန်နေကြသည်။ နှစ်ဘက်စလုံးမှာ နဂါးစစ်တပ်ကြီး တွေရှိသည်။ တိုက်ခိုက်ကြလျှင် အချည်းနှီး ပျက်စီးကုန်ကြတော့မည်။ သို့နှင့် အသာဓရဏာ မဟာကရုဏာတော် သခင် ဘုရားရှင်သည် သနားကြင်နာတော်မူလှသဖြင့် ကယ်တင် ချေချွတ်တော်မူရန် မဟာသက္ကရာဇ် ၁၀၈-ခုနှစ် တန်ခူးလကွယ်နေ့

နံနက်တွင် သီဟိုဠ်ကျွန်း နာဂဒီပသို့ ကောင်းကင်ခရီးဖြင့် ကြွနှင့်ချီ မြန်းကြွတော်မူခဲ့လေသည်။[၁] ထိုစဉ်က သမိဒ္ဓိ နတ်သားသည် လင်းလွန်းပင်ကိုနုတ်၍ ထီးဖြူလုပ်ကာ ဘုရားရှင်ကို ဆောင်းမိုးကာ လိုက်ပါခဲ့လေသည်။

ကြောက်လန့်တုန်လှုပ်ကြခြင်း

သီဟိုဠ်ကျွန်း(သီရိလင်္ကာ) နာဂကျွန်း၌ ကုဋေကုဋာ များလှစွာသော နဂါးတို့သည် စစ်တိုက်ရန် စတင်နေကြလေပြီ။ ဘုရားမြတ်စွာသာ မကြွခဲ့လျှင် နဂါးတွေ ကုဋေကုဋာ သေကြေကြတော့မည်။ ဘုရားမြတ်စွာ ယင်းတို့ စစ်ပွဲအလယ်ခေါင်မှ ရပ်တည်တော်မူလျက် မှောင်ချလိုက်၊ လင်းပေးလိုက် ပြုလုပ်တော်မူသည်။ ဂျိုးဂျိုးဂျိန်းဂျိန်း မြည်ဟိန်းသော အသံကြီးများ စသည်တို့ကို ပြုတော်မူကာ ကြောက်လန့်စေတော်မူလေသည်။ သို့နှင့် နှစ်ဘက်လုံး နဂါးတို့ အလွန်ကြောက်ကြလေကုန်၏။[၂]

၁။ ဒိသွာ သပါရိသဇ္ဇာနံ၊ သင်္ဂါမံ ပစ္စုပဋ္ဌိတံ။
သမ္ဗုဒ္ဓေါ စိတ္တမာသဿ၊ ကာဠပက္ခေ ဥပေါသထေ။
ပါတောယေဝ သမာဒါယ၊ ပဝရံ ပတ္တစီဝရံ။
အနုကမ္ပာယ နာဂါနံ၊ နာဂဒီပ မုပါဂမိ။
မဟာဝံသ၊ ၁။ ၄၆။ ၄၇။

၂။ သင်္ဂါမ မဇ္ဈေ အာကာသေ၊ နိသိန္နော တတ္ထ နာယကော။
တမံ့တမေ့ာ နုဒေါ တေသံ၊ နာဂါနံ ဘိံသနံ အကာ။

ဘုရားမြတ်စွာ ခြေတော်အစုံ ဦးတိုက်ကြပြီ

ထိုအခါ ဘုရားမြတ်စွာသည် ကောင်းကင်မှ ဆင်းကြွတော်မူကာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် နှစ်ဘက်သော နဂါးများ၏ အလယ်တွင် ရပ်တည်တော်မူခဲ့လေသည်။ ထိုအခါတွင်မှ လွန်စွာဝမ်းမြောက် ရွှင်လန်းခြင်းဖြစ်ကာ ဘုရားမြတ်စွာ ခြေတော်အစုံကို ရှိသေမြတ်နိုး ရှိခိုးဦးတိုက်ကြလေကုန်၏။

ညီညွတ်ရေးတရား ဟောတော်မူခြင်း

ထိုအခါ ဘုရားမြတ်စွာသည် နဂါးအပေါင်းတို့အား ညီလျှင်ချမ်းသာပုံ၊ မညီလျှင် ပျက်စီးပုံတို့ကို အကျယ်ခွဲ၍ ဟောကြားတော်မူရာ မဟောဒရ, စူဠောဒရ နဂါးတို့ သဘောပေါက်သဖြင့် ပတ္တမြားပလ္လင်ကို ဘုရားသခင်အား လှူဒါန်းကြလေသည်။ နှစ်ဘက်နဂါးတို့သည်လည်း လွန်စွာ ကြည်ညိုသဒ္ဓါဖြစ်ကြကာ ဘုရားရှင်အား နတ်၌ဖြစ်သော ဆွမ်းဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်း ပြုစုလုပ်ကျွေးကြကုန်၏။ ဘုရားမြတ်စွာသည် နဂါးများ လှူဒါန်းသည့် ပတ္တမြားပလ္လင်တော်ပေါ်၌ သီတင်းသုံး၍ ဖလသမာပတ် ဝင်စားတော်မူလေသည်။

နဂါးပေါင်း ကုဋေရှစ်ဆယ် သရဏဂုံသီလ တည်ကြခြင်း

ဘုရားမြတ်စွာသည် ဆွမ်းဘုဉ်းပေးတော်မူပြီး ဆက်လက်၍ ဆွမ်းအနုမောဒနာတရား ဟောတော်မူ၍ ဆုံးမစကားမြွက်ကြား တော်မူရာ ရေနေ, ကုန်းနေ နဂါးပေါင်း ကုဋေရှစ်ဆယ် သရဏဂုံသီလတို့၌ တည်ကြလေကုန်၏။

တေ ဇလဋ္ဌေ ထလဋ္ဌေ စ၊ ဘုဇဂေ သီတိကောဋိယော။
သရဏေသု စ သီလေသု၊ ပတိဋ္ဌာပေသိ နာယကော။[၁]

မဏိအက္ခိက နဂါးမင်း လျှောက်ထားခြင်း

ဘုရားမြတ်စွာ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ပထမအကြိမ် ကြွတော်မူစဉ်က သောတာပန်တည်ခဲ့သော ကလျာဏီမြစ်ကမ်း အနီးနေ မဏိအက္ခိက နတ်နဂါးမင်းသည်လည်း ဘုရားထံ မှောက် ရောက်လာပြီး ဘုန်းတော်ကြီးတော်မူသော သဗ္ဗညု ဉာဏ်ရှင်ဘုရားမြတ်....အရှင်ဘုရားကြွလာတော်မူခြင်းသည် အတိုင်း မသိ ကျေးဇူးရှိပါသည်။ အရှင်ဘုရားသာ မကြွလာလျှင် အား လုံး ပြာဖြစ်ကုန်ကြပါလိမ့်မည်။ ယခု အရှင်ဘုရားကြွတော်မူလာ သဖြင့် အားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါသည်။ အရှင် ဘုရားသည် တပည့်တော်များ နဂါးတို့ အပေါ်တွင်လည်း

၁။ မဟာဝံသ၊ ၁။ ၆၁၊ ၆၂။

မေတ္တာတရား ကြီးမားတော်မူပါပေသည် စသည်ဖြင့် လျှောက်ထားကာ နောက်ထပ် လက်ခေါ်ဆို သီဟိုဠ်ကျွန်း တည့်တော်နေရာဌာန ကလျာဏီမြစ်ကမ်းအနီးသို့ သီးသန့် ကြွရောက်ချီးမြှောက်တော်မူပါဟု လျှောက်ထားလေသည်။

စေတီ တည်စေတော်မူခြင်း

သတ္တဝါဝေနေ များဗိုလ်ခြေတို့၏ အကျိုးစီးပွားကို များစွာကျင့်တော်မူသော ဘုရားမြတ်စွာသည် အို နဂါးမင်းတို့.... သင်တို့ တသက်လုံး ထာဝစဉ်ကိုးကွယ်ကြရန်နှင့် အခြား ပြဟ္မာနတ် လူ ဟိန္ဒူဂူတို့ပါ ကိုးကွယ်ရလေအောင် စေတီတည်ကြရမည်။ ငါဘုရားထီးအဖြစ် ဆောင်းမိုးကာလာခဲ့သော ရာဇာယတန=လင်းလွန်းပင်သည် ပရိဘောဂစေတီ ထိုက်ပေ၏။ သင်တို့.... ငါ့အား လှူဒါန်း ပူဇော် ပတ္တမြား ပလ္လင်တော်သည်လည်း ငါ ဘုရား တရားမင်း သိတင်းသုံးပြီး ဖြစ်သဖြင့် ပရိဘောဂစေတီ ထိုက်ပေသည်။ ယင်း လင်းလွန်းပင်နှင့် ပတ္တမြားပလ္လင်ကို သင်တို့ ယူကြပြီး စေတီတော်၌ ဌာပနာ ကိုးကွယ်ကြလေ စသည်ဖြင့် မိန့်ကြားတော်မူကာ လင်းလွန်းပင်နှင့် ပတ္တမြားပလ္လင်တော်ကို ပေးစွန့်တော်မူခဲ့လေသည်။ နဂါးမင်းတို့သည်လည်း ဘုရားမြတ်စွာ မိန့်ကြားတော်မူသည့် အတိုင်း

ဖော်ပြပါ ရာဇာယတန (လင်းလွန်းပင်)နှင့် ပတ္တမြားပလ္လင်ကို ဌာပနာကာ စေတီတည်ထား ကိုးကွယ်ကြကုန်၏။ ယင်းစေတီသည် ရာဇာယတန မဏိပလ္လင် စေတီ အမည်မတွင်ပဲ ရာဇာယတန စေတီဟု တွင်လေသည်။ ယခင်က "ရာဇာယတန မဏိပလ္လင် စေတီ"ဟု တွင်ဟန်ရှိသည်။ နာမည်က ရှည်သဖြင့် နောက်တွင် ရာဇာယတနစေတီ ဟူ၍ ခေါ်ကြဟန်ရှိလေသည်။[၁]

ယခုတိုင် သွားရောက်ဖူးမြော်သူမစဲ

ယခုတိုင် နာဂဒီပဟုတွင်သောကျွန်းကို သီဟိုဠ်(သိရိလင်္ကာ) နိုင်ငံမြို့တော် ကိုလံဘိုမှ မိုင် ၂၀၀ ကျော်ဝေးကွာသော ဂျပ္ဖနား (ယာပန)မြို့သို့ မီးရထားဖြင့်သော်လည်းကောင်း၊ ကားဖြင့်သော်လည်းကောင်း သွားနိုင်သည်။ ၎င်းမှတဖန် ကာရေတိဝုကျွန်းသို့ ကားဖြင့်သွားရသည်။ တဖန် ၎င်းမှကုတ္တိဖြင့် ဖြတ်ကူးလျှင် ကိုက်ကျွန်းသို့ ရောက်ပါသည်။ ၎င်းမှတဖန် ရေမော်တော်စီးသွားလျှင် နာဂဒီပသို့ ရောက်တော့သည်။ ယင်းနာဂဒီပ(နာဂကျွန်း)၌ ဗုဒ္ဓဘာသာဝင်များနည်းပါးပြီး ဟိန္ဒူဘာသာဝင်တို့ ငါးထောင်အောက်မနည်းရှိသည်ဟုသိရသည်။ယင်း နာဂဒီပတွင် ဟိန္ဒူနတ်ကွန်း, ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း

၁။ တဥ္စာပိ ရာဇာယတနံ၊ ပလ္လင်္ကဉ္စ မဟာရဟံ။
အပ္ပေသိ နာဂရာဇူနံ၊ လောကနာထော နမဿိတုံ။
ပရိဘောဂစေတိယံ မယှံ၊ နာဂရာဇာ နမဿထ။
တံ ဘဝိဿတိ ဝေါ တာဝ၊ ဟိတာယစ သုခါယစ။
မဟာဝံသ၊ ၁။ ၆ ။ ၆၉။

နှင့် နာဂဒီပစေတီ စသည်တို့ တည်ရှိကြကုန်၏။ ယခု စေတီတော်ကား နောက်ထပ်မံ၍ တည်ထားသည့် စေတီဖြစ်လေသည်။ ယခုတိုင် အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာမှ လာရောက် ဖူးမြော်သူတို့ မစဲပဲရှိလေသည်။ သီဟိုဠ်ကျွန်းသူကျွန်းသားတို့က ဖော်ပြပါ ရာဇာယတန (နာဂဒီပ) စေတီကို—

ဘဂိနိသုတ မာတုလေဟိ ဒိန္နေ၊
မဏိပလ္လင်္ကဝရေ ယဟိံ နိသိန္နော။
မုနိဓမ္မ မဒေသယိ မုနိန္ဒ၊
သိရသာ တံ ပဏာမာမိ နာဂဒီပံ။[၁]

ဟူသောဂါထာဖြင့် ရှိခိုးကြကုန်၏။

ဂါထာနက်။ ။မုနိန္ဒ၊ မုနိအပေါင်းတို့ထက်။ မုနိ၊ ထူးမြတ်သော မုနိဖြစ်တော်မူသော ဘုရားမြတ်စွာသည်။ ဘဂိနိသုတမာတုလေဟိ၊ တူဝရီးနဂါးတို့သည်။ ဒိန္နေ၊ မြတ်လေးကြည်ဖြူ ပေးလှူအပ်သော။ ယဟိံ မဏိပလ္လင်္ကဝရေ၊ ယင်း ပတ္တမြားပလ္လင်မြတ်၌။ နိသိန္နော၊ သီတင်းသုံးစံပျော် ထိုင်တော်မူလျက်။ ဓမ္မံ၊ ငြိမ်းချမ်းရေးတရား သစ္စာလေးပါး တရားတော်ကို။ အဒေသယိ၊ ကရုဏာရှေးရှု ဟောကြားတော်မူပြီ။ တံ နာဂဒီပံ၊ ထိုလင်းလွန်းပင် ပတ္တမြားပလ္လင် ဌာပနာ၍ တည်ထားရာဖြစ်သော နာဂဒီပ စေတီတော်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ပဏာမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

၁။ သီဟိုဠ်ဓမ္မဒီပနီကျမ်း ၁၇။ သီရိလင်္ကာဗောဓိသိဒ္ဓဌာနကျမ်း။ ၂၂။

မဏိအက္ခိက နဂါးမင်းလာရောက်ပင့်ခြင်း

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်နေ့တွင် သီဟိုဠ်ကျွန်း သီရိလင်္ကာ ကလျာဏီမြစ်အနီး နဂါးဗိမာန်၌ နေသော မဏိအက္ခိကနဂါးမင်းသည် သံဃာတော်အရှင်မြတ်များစွာနှင့်တကွ သီဟိုဠ်ကျွန်းသို့ တတိယမြောက်ကြွတော်မူပါ၊ တပည့်တော် ဆွမ်းဘောဇဉ်များဖြင့်လည်း ဆက်ကပ်လုပ်ကျွေးလိုပါသည်၊ တပည့်တော်နှင့် ဝေနေယျတို့အား သနားစောင့်ရှောက် ချီးမြှောက်သည့်အနေအားဖြင့် ကြွတော်မူပါမည့်အကြောင်း လွန်ခဲ့သော ၃-နှစ်က သီဟိုဠ်ကျွန်းကြွတော်စဉ်ကလည်း သီဟိုဠ်ကျွန်းသို့ ကြွလာဖို့ တပည့်တော် လျှောက်ထားဖူးပါသည် စသည်ဖြင့် လျှောက်ထားလေသည်။ ထိုအခါ ဘုရားမြတ်စွာက....အို မဏိအက္ခိကနဂါးမင်း ငါဘုရား နက်ဖြန်ကဆုန်လပြည့်နေ့ ကြွတော်မူမည်ဟု မိန့်ကြား ဝန်ခံတော်မူလိုက်လေသည်။[၁]

ဘုရားမြတ်စွာ သီဟိုဠ်ကျွန်း တတိယအကြိမ် ကြွတော်မူခြင်း

သီဟိုဠ်ကျွန်း ကလျာဏီမြစ်ကမ်းအနီး မဏ္ဍပ်ကြီး၌ ဆွမ်းအဆင်သင့်ပြင်ဆင်ပြီး၍ အထောက်လာသဖြင့် ဘုရားမြတ်စွာ

၁။ တတော သော တတိယေ ဝဿေ၊ နာဂိန္ဒော မဏိအက္ခိကော။
ဥပသင်္ကမ္မသမ္ဗုဒ္ဓံ၊ သဟ သံဃံ နိမန္တယိ။
(မဟာဝံသ၊ ၁။ ၇၁။)

သည့် သက်န်းတော်ကိုရုံ၍ ဒုကုဋ္ဌသက်န်းတော်နှင့် သပိတ်တော်ကိုဆောင်ယူ၍ နောက်လိုက်နောက်ပါ တပည့်သာဝက သံဃာတော်အရှင်မြတ် ငါးရာနှင့်တကွ မဟာသက္ကရာဇ် ၁၁၁-ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်တွင် သီဟိုဠ်ကျွန်း ကလျာဏီမြစ်ကမ်းယခု ကလျာဏီ စေတီတော်မြတ်ကြီးတည်ရှိရာ၌ ခမ်းနားဆန်းကြယ်စွာ ဆောက်လုပ်ထားအပ်သော မဏ္ဍပ်ကြီးသို့ ကြွတော်မူခဲ့လေသည်။[၁]

ဆွမ်းဘုဉ်း ပေးတော်မူခြင်း

ကလျာဏီစေတီတော်မြတ်ကြီး တည်ရာအရပ်၌ နတ်နဂါးတို့၏ တန်ခိုးဖြင့် အလွန်အမင်းဆန်းကြယ်ခမ်းနားစွာ ဆောက်လုပ်အပ်သော ရတနာမဏ္ဍပ်ကြီးအတွင်း တည်ရှိသော ပဂ္ဂိုလ်မြတ်တို့အားသာ ထိုက်တန်သော ပလ္လင်တော်ထက်၌ သီတင်းသုံး၍ နေ့စဉ် ဝင်စားမြဲ သမာပတ်များကို ဝင်စားတော်မူခဲ့လေသည်။ ရဟန်းသံဃာတော် ငါးရာတို့သည်လည်း အသင့်

၁။ ဒုတိယေ ဒိဝသေ ဘတ္တ-ကာလေ အာရောစိတေ ဇိနော။
ရမ္မေ ဝေသာခမာသမှိ၊ ပုဏ္ဏမာယံ မုနိဿရော။
တတ္တေ၀ ပါရုပိတ္ဂာန၊ သံဃာဠိံ ပတ္တမာဒါယ။
အာဂါ ကလျာဏိ ဒေသံ၊ ပုဏ္ဏမာယံ မုနိဿရော။
မဟာဝံသ၊ ၁။ ၇၄၊ ၇၅။

ပြင်ဆင်ထားသောနေရာ၌ သီတင်းသုံး ထိုင်နေတော်မူကြသည်။ မဏိအက္ခိက နဂါးမင်းသည် မိမိအခြံအရံ ပရိသတ်များနှင့်တကွ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်လှစွာသော ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် အရသာများစွာတို့ဖြင့် ဆက်ကပ်လုပ်ကျွေး ပြုစုတော်မူလေသည်။

သုမနနတ်မင်းရောက်လာ ခြေတော်ချရန်လျှောက်

ဘုရားမြတ်စွာသည် ကလျာဏီမြစ်ကမ်းအနီးရှိ မဏ္ဍပ်တော်ကြီး၌ မဏိအက္ခိက နဂါးမင်းဆက်ကပ် လှူဒါန်းသည့် ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးတော်မူပြီး တရား ဓမ္မ ဟောပြတော်မူခဲ့လေသည်။ ပထမအကြိမ် မဟိယင်္ဂဏဒေသ မဟာနာဂဉယျာဉ်သို့ ဘုရားမြတ်စွာ ကြွတော်မူစဉ်က သောတာပတ္တိဖိုလ်၌တည်ခဲ့သော သမန္တကူဋတောင် (သုမနကူဋတောင်)မှ သုမန နတ်မင်းသည် ကလျာဏီမဏ္ဍပ် ဘုရားမြတ်စွာရှိရာသို့ ရောက်ရှိလာကာ ဘုရားတရားဟောတော်မူပြီး ဘုရားမြတ်စွာအား-

ဘုန်းတော် နေဝန်း ထွန်းလင်း တောက်ပ တော်မူသော ရဟန်းမင်းထွတ်ထား မြတ်စွာဘုရား .... မြတ်စွာဘုရားသည် တပည့်တော် အမြဲနေရာ သမန္တကူဋတောင် (သုမနတောင်) သို့လည်း ကြွတော်မူစေချင်ပါသည်။ ဘုရား မြတ်စွာသည်

ဇမ္ဗူဒိပ် နမ္မဒါ မြစ်ကမ်းအနီးတွင် နမ္မဒါနဂါးမင်း တောင်းပန် လျှောက်ထားသဖြင့် ခြေတော်ရာ ချတော်မူခဲ့ပါသည်။ တပည့်တော်နေရာ သုမန တောင်ထိပ်တွင်လည်း နမ္မဒါ မြစ်ကမ်း၌ ခြေတော်ရာချသည့်နည်းတူ ခြေတော်ရာ တစ်ဆူချ၍ ချီးမြှောက်တော်မူပါဘုရားဟု လျှောက်ထားလေသည်။

ဂင်္ဂါယ ဂင်္ဂါပတိ သန္ဒိမာနေ၊
တီရေ တဒါ နမ္မဒဇိမှ ဂဿ။
ပါဒဿ လဉ္ဆံ အကရိ မုနိန္ဒ၊
မယှမ္ပိ ဟောတံ ကရုဏာ တဝေသာ။[၁]

အိုရဟန်းသနင်း ရဟန်းမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရား....ဘုရားမြတ်စွာသည် ဇမ္ဗူဒိပ် သစ္စဗန္ဓ တောင်တော်မှာ သစ္စကရသေ့ တောင်းပန်သဖြင့် ခြေတော်ရာချတော်မူခဲ့ပါသည်။ ထို့အတူ တပည့်တော်နှင့်တကွ အနာဂတ်တွင် ပေါ်ထွန်းမည့် သီဟိုဠ် (သိဂိုလကော်) ကျွန်းသူ ကျွန်းသား လူအများနှင့် လောကသားတို့ စာနာထောက်ထား သနားချီးမြှောက်ပါသဖြင့် ခြေတော်ရာ တစ်ဆူ ချထား ချီးမြှောက်တော်မူစေချင်ပါသည် ဘုရား။

၁။ သမန္တကူဋဝဏ္ဏနာ။ ၇၇၇။

အာရာမိတော သဗ္ဗကတာပသေန၊
အကာ တုဝံ သဗ္ဗကဗန္ဓသေလေ။
ပါဒေသု လဉ္ဆ ဇဂတော ဟိတာယ၊
မယာမှိ ဟောတံ သမန္တကူဋန္တေ။[၁]

ဤသို့ စသည်ဖြင့် သုမနနတ်မင်း၏ ဝပ်စင်းခယ အတန်တန် တောင်းပန်လျှောက်ထားသဖြင့် ဘုရားမြတ်စွာသည် ကလျာဏီ မြစ်ကမ်းအနီးရှိ မဏိအက္ခိက နဂါးမင်း၏ ရတနာမဏ္ဍပ်မှ သမန္တကူဋ(သုမန)တောင်ထိပ်သို့ ကြွတော်မူ၍ လက်ဝဲခြေတော် ရာကို ချတော်မူခဲ့လေသည်။

တတ္ထ ဓမ္မံ ဒေသယိတွာ၊ သတ္ထာ လောကာနုကမ္ပကော။
ဉဂ္ဂန္တွာ သုမနေ ကူဋေ၊ ပဒံ ဒဿေတိ နာယကော။[၂]

သမန္တကူဋတောင်အကြောင်း သိကောင်းစရာ

ဖော်ပြပါ ဘုရားမြတ်စွာ ခြေတော်ရာ တည်ရှိရာ သမန္တကူဋ (သုမနကူဋ) တောင်သည် ပေပေါင်း ၇၃၆၀-မြင့်သည်။ တောင်ထိပ်ရှိ မြေပြင်မှာ တကောခန့်လောက်သာ ကျယ်မည်ဟု မှန်းမိခဲ့ပါသည်။ ကိုလံဘိုမြို့မှ မိုင် ၆၀-ခန့်ကွာဝေးလေသည်။ မိုးရွာသွန်းမှုများသဖြင့် ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊

၂။ သမန္တကူဋဝဏ္ဏနာ။ ၇၇၀။
၃။ မဟာဝံသ၊ ၁။ ၇၇။

လေးလကျော်ကျော်လောက်သာ သွားနိုင်ကြသည်။ တပေါင်းလ ပွဲတော်တွင် လျှပ်စစ်မီးများ တောင်ခြေမှ တောင်ထိပ်အထိ သွယ်တန်း တပ်ဆင် ထွန်းညှိထားလေရာ သွားလာသူများ ချမ်းသာပါသည်။ တချို့နေရာတွင် သံပိုက်လုံးလက်ရမ်းများကို ဆွဲကိုင်၍ မတ်မတ်စောက်စောက် တက်ရလေသည်။ သီရိလင်္ကာ ဥပါသကာ, ဥပါသိကာများ ဓမ္မဂီတများကို ရွတ်ဆို၍ တက် ရောက် ဖူးမြော်ကြလေသည်။ ယင်းသို့ ဇမ္ဗူဒိပ် ခြေတော်နှစ်ဆူ သီရိလင်္ကာ၌ ခြေတော်ရာ တစ်ဆူအားဖြင့် တည်ရှိခဲ့သည်ကို "ဇမ္ဗူမှာဒွေ လင်္ကာအေး တွက်ရေးခြေတော်ရာ" ဟူ၍ စပ်ဆို ခဲ့ကြလေသည်။

သီရိလင်္ကာ ကျွန်းသူ ကျွန်းသားတို့သည် ဖော်ပြပါ ဘုရား မြတ်စွာ ခြေတော်ရာကို—

လင်္ကာယ ဝရဝဓုမကုဋ္ဌာယ မာနကေ၊
အသ္မိံ သမန္တကူဋမုဒ္ဓနိ ဓမ္မသာမိနာ။
အဗ္ဘေသနာယ သုမနဝှဒေဝရာဇိနော၊
ဝန္ဒာမိ ဒဿိတမဟံ သိရိပါဒလဉ္ဆနံ။ ၁

ဟူသော ဝန္ဒနာဂါထာဖြင့် ရှိခိုးကြကုန်၏။

၁။ သီဟိုဠ်ဗောဓိသိဒ္ဓဌာနသမိုင်း။ ၂၄၃–၅၁။

ရှင်းပြင် သီဟိုဠ်ဘုရားရှိခိုး စာအုပ်များ၌–

ယံ နမ္မဒါယ နဒိယာ ပုလိနေ စ တီရေ၊
ယံ သစ္စဗန္ဓ ဂိရိကေ သုမနာစလဂ္ဂေ။
ယံ တတ္ထ ယောနကပုရေ မုနိနော စ ပါဒံ၊
တံ ပါဒလဉ္ဆန မဟံ သိရသာ နမာမိ။

ဟူသော ဂါထာဖြင့်လည်း ရှိခိုးကြောင်း တွေ့ရှိ သိရလေသည်။

နေရာ အနှံ့အပြား သမာပတ် ဝင်စားတော်မူခြင်း

ဘုရားမြတ်စွာသည် သမန္တကူဋ(သုမန) တောင်ထိပ်၌ ခြေတော်ရာ ချတော်မူပြီး ယင်းသမန္တကူဋတောင်ခြေရှိ လိုဏ်၌ နောက်တော်ပါ သံဃာတော်ငါးရာနှင့် အတူတကွ နေ့သန့်စင် သမာပတ် ဝင်စားတော်မူခဲ့လေသည်။ ၎င်းနောက် ဒီဃဝါပီ အရပ် ဒီဃဝါပီ စေတီတော်ကြီး တည်မည့်နေရာ၌ သမာပတ် ဝင်စားတော် မူခဲ့လေသည်။ ၎င်းနောက် မဟာမေဃဝန် တည်မည့်နေရာသို့ ကြွတော်မူ၍ သံဃမိတ္တာ ဗောဓိပင်တည်ရာ အရပ်၌လည်းကောင်း, မဟာစေတီတည်မည့် အရပ်ဌာန၌ လည်းကောင်း, ထူပါရာမ စေတီတော် တည်မည့်အရပ်ဌာန၌ လည်းကောင်း, သိလာစေတီ တည်မည့် အရပ်၌လည်းကောင်း သမာပတ် ဝင်စားတော်မူခဲ့လေသည်။ ၎င်းပြင် မဟိယင်္ဂဏ

စေတီအနိး, မုတိယင်္ဂဏ စေတီ တည်ရာဌာန, ကလျာဏီစေတီ တည်မည့် နေရာအရပ်တို့၌လည်း သမာပတ် ဝင်စားတော်မူခဲ့လေသည်။[၁]

မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခြင်း

ယင်းသို့ဖြင့် ဘုရားမြတ်စွာသည် သိရိလင်္ကာ၌ နောက်တွင် သာသနာတော်၌ ထင်ရှားမည့် ဗောဓိ, စေတီပုထိုးများတည်ရှိရာ ဒေသများ၌ သမာပတ်ဝင်စားပြီး ရောက်ရှိလာကြသည့် နတ်, ဗြဟ္မာအပေါင်းတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခဲ့လေသည်။

ယင်းသို့ ဘုရားမြတ်စွာ၏ သိရိလင်္ကာခရီးကို မန်လည်ဆရာတော်ဘုရားကြီးသည်-

* မြတ်စွာလှူ့ဘ၊ ပွင့်တော်စက၊ ကိုးလ တခါ၊ ငါးဝါ တခေါက်၊ ရှစ်ဝါမြောက်၌၊ ကြွရောက်သုံးကြိမ်၊ မွေ့သိမ် ဖလ၊ ဖန်ဖန်မျှလျက်၊ နင်းချရတနာ၊ ရွှေစက်ရာနှင့်၊ လင်္ကာဒီပ၊ သီဟဠမွေ၊ တကျွန်းမြေသို့။[၂]

ဟူသော စကားဖြင့် မှတ်တမ်းတင်တော်မူခဲ့လေသည်။

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၆၆-ကြည့်။ မဟာဝံသ၊ ၁။ ၈၁၊ ၈၂ လည်း ကြည့်။

၂။ မဃဒေဝ လင်္ကာသစ်၊ ၅၇၇ ပိုဒ်၊ လင်္ကာသာသနာ့နိဒါန်း။

ဗုဒ္ဓ၏ သီရိလင်္ကာခရီးကျမ်း အပြီးသတ်ခြင်း

မိမိသည် ၁၃၄၆-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်နေ့တွင် သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်ကျမ်းရေးသားပြီးဆုံးသဖြင့် ၁၃၄၆-ခုနှစ် နယုန်လပြည့်နေ့မှ စ၍ ဘုရားမြတ်စွာ၏ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ၃-ကြိမ်ကြွရောက်၍ ဘီလူးများ, နဂါးများကို ညီညွတ်ရေးတရား ဟောတော်မူခြင်း, သမန္တကူဋတောင်၌ ခြေတော် ချတော်မူခြင်း, သမာပင်ဝတ်စားတော်မူခြင်း စသည့် ဘုရားမြတ်စွာ၏ လုပ်ငန်းတော်တို့ကို မပျောက်မပျက်အောင် မှတ်တမ်းတင်ထားသည့် အနေအားဖြင့် ရေးသားပြုစုရာ ယနေ့ ၁၃၄၆-ခုနှစ်၊ နယုန်လပြည့်ကျော် ၃-ရက်နေ့၊ ည ၇-နာရီ၊ မိနစ်-၂၀ အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါ သဖြင့် အောက်ပါ သံပေါက်လင်္ကာများဖြင့် အထွတ်တင်ကာ နိဂုံးအုပ်လိုက်ပါသည်။

ဗုဒ္ဓ၏ သီရိလင်္ကာခရီးကျမ်း နိဂုံး သံပေါက်များ

၁။ မှတ်ပါစေလို သံပေါက်ဆို နောင်ကို သိစေရာ။

၂။ အကြောင်ငါမူ ပခုက္ကူ စွဲယူသန္ဓေါ။[၁]

၃။ တစ်နှစ်ကိုးနှစ် သက္ကရာဇ် ဖွားလစ်ထိုကောဇာ။[၁]

၁။ ပခုက္ကူမြို့နယ်၊ ကန်စပ်ရွာ၊ ၁၂၉၂-ခုနှစ်တွင် ဖွားမြင်သည်။

၄။ ဆယ့်လေးနှစ်မှာ သာသနာ ဝင်ကာထမ်းရွက်ပါ။
၅။ နှစ်ဆယ်ကျော်စ နှစ်ကာလ ရရှိသမ္ဗုဒ္ဓ ဒါ။
၆။ မန္တလေး ပခုက္ကူ ကျမ်းဆူဆူ ငါမူသင်ယူပါ။
၇။ သီရိလင်္ကာ ငါးနှစ်ကြာ များစွာသင်ယူပါ။
၈။ မြို့ပခုက္ကူ အောင်လံထူ သဗ္ဗညူသာသနာ။
၉။ ထွန်းလင်းလှပါ ထိန်ဝေဖြာ လနေကဲ့ပမာ။
၁၀။ မဟာဝိသုတ အာရာမ ချမ်းမြလွန်သာယာ။
၁၁။ သာသနဇောတိပါလ ဝိဟာရကျော်လှယင်းတိုက်မှာ။
၁၂။ တေပိဋက ကျမ်းဂန္ထ နိစ္စချပို့ပါ။
၁၃။ ရာကျော်ဂဏန်း ကျမ်းဂန်များ ရေးသားပြုစုပါ။
၁၄။ သီရိလင်္ကာ ဂုဏ်တင်ကာ ကျမ်းစာရေးလိုက်ပါ။
၁၅။ ဤစာရေးရ မြတ်ပုညကြောင့် အမတမည် နိဗ္ဗာန်ပြည် ငါသည် ရောက်ရပါစေသား။
၁၆။ သတ္တဝါပေါင်း ချမ်းသာကြောင်း ဆုတောင်း ပို့မေတ္တာ။

ဗုဒ္ဓ၏ သီရိလင်္ကာခရီးကျမ်း အလုံးစုံ ပြီး၏။

++ ++

အရှင်ကေလာသ ပြုစုသော

ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။

၂။ တိပိဋက အတ္ထုဒ္ဒါရသူစိကျမ်း။

၃။ တိပိဋက သုတ္တသူစိကျမ်း။

၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။

၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။

၆။ သက္ကတ မြန်မာအဘိဓာန်။

၇။ ပစ္စုက္က သာသနာဝင်။

၈။ မဟာဝိသုတာရာမ သာသနာဝင်။

၉။ မန္တလေးသာသနာဝင် ပထမတွဲ။

၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။

၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။

၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။

၁၃။ မန္တလေးသာသနာဝင် ပဥ္စမတွဲ။

၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌမတွဲ။

၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။

၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။

၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။

၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ။

၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ။

၂၀။ မန္တလေးသာသနာဝင် ဒွါဒသမတွဲ။

၂၁။ မန္တလေးသာသနာဝင် တေရသမတွဲ။

၂၂။ မန္တလေးသာသနာဝင် စုဒ္ဒသမတွဲ။

၂၃။ မန္တလေးသာသနာဝင် ပန္နရသမတွဲ။

၂၄။ မန္တလေးသာသနာဝင် သောဠသမတွဲ။

၂၅။ မန္တလေးသာသနာဝင် သတ္တရသမတွဲ။

၂၆။ မန္တလေးသာသနာဝင် အဋ္ဌာရသမတွဲ။

၂၇။ မန္တလေးသာသနာဝင် ဧကူနဝီသတိမတွဲ။

၂၈။ မန္တလေးသာသနာဝင် ဝီသတိမတွဲ။

၂၉။ မန္တလေးသာသနာဝင် ဧကဝီသတိမတွဲ။

၃၀။ မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲ။

၃၁။ မန္တလေးသာသနာဝင် တေဝီသတိမတွဲ။

၃၂။ မန္တလေးသာသနာဝင် စတုဝီသတိမတွဲ။

၃၃။ မန္တလေးသာသနာဝင် ပဋ္ဌဝိသတိမတ္တဲ့။
၃၄။ ပုဂံသာသနာဝင်။
၃၅။ ပင်းယသာသနာဝင်။
၃၆။ အင်းဝသာသနာဝင်။
၃၇။ စစ်ကိုင်း သာသနာဝင်။
၃၈။ အမရပူရ သာသနာဝင်။
၃၉။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်။
၄၀။ သီဟိုဠ်ရဟန္တာများ။
၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၄၂။ စေတိယပုပ္ပတ္တိဒီပနီ။
၄၃။ ပခုက္ကူ ဘုရားစုံသမိုင်း။
၄၄။ ပခုက္ကူ ဘုရားသုံးဆူသမိုင်း။
၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၄၆။ ပခုက္ကူ စာချနည်း။
၄၇။ ပခုက္ကူ ရေစက်ချနည်းကျမ်း။
၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၄၉။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၅၁။ ပခုက္ကူ စာစပ်ကျမ်း။
၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း။

၅၃။ ပဋ္ဌာန်း ပရိတ်နိဿယကျမ်း။

၅၄။ ပါဠိပါဠ်မဥ္စူရီ ပါဠိဖတ်စာ။

၅၅။ ဥပုသ်သည်များလက်စွဲ။

၅၆။ တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ-၉ (ပါဝင်ပြုစု)။

၅၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၀ (ပါဝင် ဦးစီးပြုစု)။

၅၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၁ (ပါဝင် ဦးစီးပြုစု)။

၅၉။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့် အ[illegible]ကန်တော့ပေများ။

၆၀။ အာဂိ [illegible]ဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ။

၆၁။ အ[illegible]ဘာသာဋ္ဌိတ အရှင်နန္ဒဝံသ၏ ထေရုပ္ပတ္တိဒီပနီ။

၆၂။ [illegible]ဖုန်းဆရာတော် အရှင်ကလျာဏ၏ ကလျာဏ ထေရ ဂုဏ်ရည်။

၆၃။ ဝါ[illegible]ကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရ ဂုဏ်ရည်။

၆၄။ သံ[illegible]ကုန်းဆရာတော် အရှင်အရိယ၏ အရိယထေရ ဂုဏ်ရည်။

၆၅။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင် ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။

၆၆။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရ ဝုတ္တောဒယဒီပိကာ။

၆၇။ အဂ္ဂမဟာပဏ္ဍိတအရှင်ပညာ ဆရာတော် ဘုရားကြီး၏ မဟာထေရလလိတ။

၆၈။ သာသနာပိုင်ဆရာတော် ဦးဥေယျထေရုပ္ပတ္တိ။

၆၉။ အရှင်သုန္ဒရဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ် ပါဌ်နိသျှယ။

၇၀။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ် ပါဌ်နိသျှယ။

၇၁။ အရှင်ပညာ ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ် ပါဌ်နိသျှယ။

၇၂။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀-ပါဌ်နိသျှယ။

၇၃။ ကျွန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ်ပါဌ်နိသျှယ။

၇၄။ လက်ဘက်ဘောင်ငယ်ရှစ်ဆယ် ဘုရားရှိခိုး ဂါထာပါဌ် နိသျှယ။

၇၅။ လက်ဘက်တော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုးဂါထာ ပါဌ်နိသျှယ။

၇၆။ တရာ့ရှစ်ကွက် လက်ဘက်ဘုရားရှိခိုး ဂါထာ ပါဌ် နိသျှယ။

၇၇။ နမက္ကာရ ပါဠိနိဿယ။

၇၈။ ရှင်ပဂုတ် ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဠိနိဿယ။

၇၉။ ပဋ္ဌာနသီခ သီချင်း ဂါထာ ပါဠိနိဿယ။

၈၀။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဠိနိဿယ။

၈၁။ မရဏာဿတိ ဘာဝနာ။

၈၂။ မူလပဏ္ဏာသ အဋ္ဌကထာ ဂဏ္ဌိ။

၈၃။ ပိဋကသုံးပုံဘုရားရှိခိုး (၁၁၅-ဂါထာ ပါဠိနိဿယ)။

၈၄။ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာ ပါဠိရေး)

၈၅။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၈၆။ အစ္ဆရိယပဒါန်နှင့် အဖိုးတန်စာပေများ။

၈၇။ ပခုက္ကူအဘိဓာန် နိဿယသစ်။

၈၈။ တိပိဋကဓရဝတ္ထု သန္ဒိပနီကျမ်း။

၈၉။ ကဝိဒပ္ပဏနီတိ ပါဠိနိဿယ။

၉၀။ တိပိဋကဓရဝတ္ထု ဝိလာသိနီ။

၉၁။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာ ပါဠိနိဿယ။

၉၂။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝတ္ထု ဝိလာသိနီ။

၉၃။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်ရေး)။

၉၄။ မဟာဝိသုတာရာမ နိကာယ ဝတ်ရွတ်စဉ် အဖွင့်။

၉၅။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်သစ်။

၉၆။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ သမိုင်း မှတ်တမ်း။

၉၇။ မဟာစည် ထေရုပ္ပတ္တိ ဝိလာသိနီ။

၉၈။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။

၉၉။ ၁၃၄၀-ပြည့်နှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး သုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး(၁၀)ပါး တို့၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။

၁၀၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာ ထေရ ဝိက္ကီဠိတ။

၁၀၁။ ပခုက္ကူ အဖိုးတန် စာပေများ။

၁၀၂။ မိဘမြတ်ကျေးဇူး။

၁၀၃။ ထနောင်ခလု ထေရဂုဏ်ရည်။

၁၀၄။ ၁၃၄၁-ခုနှစ်၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၂)ပါးနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီး (၆)ပါတို့၏ ဖြစ်တော် စဉ် မဟာထေရုပ္ပတ္တိ ပကာသိနီ။

၁၀၅။ ပခုက္ကူ ရွှေတန်းတစ် ဘုရားသမိုင်း။

၁၀၆။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃ အစည်းအဝေး သမိုင်းကျမ်း။

၁၀၇။ ပခုက္ကူ ရွှေကူဘုရားသမိုင်း။

၁၀၈။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

၁၀၉။ ကလျာဏီ သာသနာဝင်(ပဲခူး–ကလျာဏီသာသနာဝင် ကျမ်း)။

၁၁၀။ ပခုက္ကူ နမော တဿ အနက်များကျမ်း။

၁၁၁။ ဆရာမြတ် ကျေးဇူး။

၁၁၂။ တပည့်လိမ္မာ။

၁၁၃။ ယဂိရုလပညာနန္ဒ၏ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာသို့ ပါဠိပြန်ရေး)။

၁၁၄။ ပခုက္ကူ သဒ္ဒါ သုတ်နက်သစ်။

၁၁၅။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်။

၁၁၆။ ယမမင်းထံ အစစ်ခံ သံပေါက် အဖွင့်ကျမ်း။

၁၁၇။ ထွတ်ခေါင် ကမ္မဋ္ဌာန်းသံပေါက် အဖွင့်ကျမ်း။

၁၁၈။ တိပိဋက ပါဠိ အဋ္ဌကထာ ဋီကာ ဂါထာသူစိကျမ်း (ဦးစီးရေး)။

၁၁၉။ ပခုက္ကူ ပဒမာလာကျမ်း။

၁၂၀။ ပခုက္ကူ လက်ပန်ကျွန်းရွာ ပြည်လုံးချမ်းသာဘုရား သမိုင်း။

၁၂၁။ ပခုက္ကူ အနေကဇာတင် ပါဌ် နိဿယ။

၁၂၂။ ဥပါသကာလက်စွဲ ဘုရားရှိခိုး။

၁၂၃။ အေးမြမြ ဓမ္မအမြုတေ။

၁၂၄။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဆရာတော် အရှင် ဥက္ကံသာဘိဝံသ၏ ထေရုပ္ပတ္တိ ဒီပနီ။

၁၂၅။ မိုးကုတ် မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၆။ ဆီးတော မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၇။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော်ဘုရားကြီး အရှင်သီရိဓမ္မ၏ ဘုန်းတော်ဘွဲ့(၁၄) ဂါထာ ပါဌ် နိဿယ။

၁၂၈။ သမီးလိမ္မာ။

၁၂၉။ သားလိမ္မာ။

၁၃၀။ မုံရွာမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဓမ္မပါရဂူဆရာတော်ဘုရားကြီး အရှင် အာစိဏ္ဏ မဟာထေရ်၏ ဘုန်းတော်ဘွဲ့ (၄၃)ဂါထာ ပါဌ် နိဿယ။

၁၃၁။ ရှင်ပင်မဟာ ရွှေဂူကြီး မြတ်စွာဘုရားသမိုင်း။

၁၃၂။ ရတနာ၁၀လိ ဘုရားရှိခိုး။

၁၃၃။ ရတနာ၁၀လီ ဝတ်ရွတ်စဉ် (ရှင်းအဖွင့်)။
၁၃၄။ သီလဂုဏ်ရည်။
၁၃၅။ ဂုဏ်တော်ပွားနည်း နိဿယရည်း။
၁၃၆။ ဒါနဂုဏ်ရည်။
၁၃၇။ ဘာဝနာဂုဏ်ရည်။
၁၃၈။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့၊ မဟာဝိသုကာရာမတိုက်ဆရာတော်ဘုရားကြီး၏ မကွေးမဟာထေရဂုဏ်ရည်။
၁၃၉။ သီဟိုဠ်ရှင် ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသ၏ သီဟိုဠ်ရှင် မဟာထေရဂုဏ်ရည်။
၁၄၀။ စတုရာရက္ခ ဘာဝနာ။
၁၄၁။ ဗုဒ္ဓ ဘုန်းတော် ဂုဏ်တော်ဘွဲ့ ပါဠိ နိဿယ (ဂါထာ ၅၀၀-ကျော်)။
၁၄၂။ သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်။
၁၄၃။ ကျင့်ဝတ်စုံ အဖွင့် (သိင်္ဂါလောဝါဒ သုံးမစာအဖွင့်)။
၁၄၄။ ဗုဒ္ဓ၏ သီရိလက်ခရီး။

ဆရာတော် အရှင်ကေလာသ-၏

အောက်ပါ ကျမ်းစာများကို ဖတ်ပါ

၁။ မန္တလေး သာသနာဝင်ကျမ်း ပထမတွဲ၊

၂။ မန္တလေး သာသနာဝင်ကျမ်း ဒုတိယတွဲ၊

၃။ ပခုက္ကူ သာသနာဝင်ကျမ်း၊

၄။ စစ်ကိုင်း သာသနာဝင်ကျမ်း၊

၅။ ကလျာဏီ သာသနာဝင်ကျမ်း၊

၆။ ပခုက္ကူ အဘိဓာန် နိဿယသစ်၊

၇။ ပခုက္ကူ စာချနည်း၊

၈။ ကဝိဒပ္ပဏနီတိကျမ်း၊

၉။ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ၏ ထေရုပ္ပတ္တိ၊

၁၀။ ဆရာ့မြတ်ကျေးဇူး၊

၁၁။ ပခုက္ကူသဒ္ဒါသုတ်နက်သစ်၊

၁၂။ တပည့်လိမ္မာ၊

၁၃။ သားလိမ္မာ၊

၁၄။ သမီးလိမ္မာ၊

၁၅။ ဒါနဂုဏ်ရည်၊

၁၆။ ဘာဝနာဂုဏ်ရည်၊

၁၇။ စတုရာရက္ခဘာဝနာ။